# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 6 September 2022 ၁၀၈၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School နှင့် Medical Center တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School နှင့် Medical Center တို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School အတွင်း ကြည့်ရှုလေ့လာစဉ်။**

## ယနေ့ ဖတ်စရာ

**ရုရှားနိုင်ငံထုတ်လက်နက်အသစ်များကို ကမ္ဘာသို့ ထုတ်ဖော်ပြသလိုက်နိုင်တဲ့ ARMY 2022 အပြည်ပြည်ဆိုင်ရာစစ်ဘက်နှင့် နည်းပညာဖိုရမ်**



စာမျက်နှာ- ၆

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ ထုတ်ပြန်ချက်**

စာမျက်နှာ- ၉

**အချိုးကျကိုယ်စားပြုစနစ် Proportional Representation System ( PR ) အကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ**

စာမျက်နှာ- ၁၀

ကြေးမုံ

# ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံ

မြန်မာနိုင်ငံ၏လူဦးရေသည် နှစ်စဉ်တိုးတက်လျက်ရှိသည်။ လူဦးရေတိုးလာသော်လည်း စားနပ်ရိက္ခာအတွက် ပူပန်ဖွယ်မရှိပေ။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးပြီး စားသုံးသည့်နိုင်ငံ ဖြစ်သည်။ နိုင်ငံသားများသည် တစ်နှစ်လျှင် ဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ်(၉၇ ပြည်ခန့်) စားသုံးမှုရှိသဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းနှင့်လုံလောက်မှုရှိသည်။

မြန်မာနိုင်ငံတွင် ယမန်နှစ်က မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး စပါးအထွက် တင်းသန်းပေါင်း ၁၀၈၈ ရှိသည်။ နွေစပါးစိုက်ဧက နှစ်သန်းရှိပြီး စပါးတင်းသန်းပေါင်း ၂၁၃ သန်း ထွက်ရှိခဲ့သည်။ ထို့ကြောင့် စုစုပေါင်း စပါးတင်းသန်းပေါင်း ၁၃၀၁ သန်း (ဆန်တန်ချိန် ၁၃ ဒသမ ၀၁ သန်း) ထွက်ရှိသည်။ ထွက်ရှိသောစပါးများအပေါ် မျိုး၊ အလေအလွင့်နုတ်ပယ်၍ အသားတင်ပိုလျှံမှုပမာဏမှာ ဆန်တန်ချိန် ၁၂ ဒသမ ၂၈၂ သန်းခန့် ဖြစ်သည်။ ပြည်တွင်းရှိ လူဦးရေ ၅၅ သန်း စားသုံးရန်လိုအပ်ချက်မှာ ဆန်တန်ချိန် ၉ ဒသမ ၄၀၂ သန်းဖြစ်သည့်အတွက် ပိုလျှံသည့်ဆန်တန်ချိန်ပမာဏ ၂ ဒသမ ၈၈ သန်းခန့်ကို ပြည်ပသို့တင်ပို့နိုင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လကုန်အထိ ပြည်ပသို့ ဆန်တင်ပို့နိုင်မှုပမာဏမှာ တန်ချိန် ၁ ဒသမ ၃၃၈ သန်းနှင့် ဆန်ကွဲတန်ချိန် သုည ဒသမ ၈၀၈ သန်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လကုန်တွင် ပြည်တွင်း၌ လက်ကျန်ဆန်တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့် ရှိသည်။ ယခု စက်တင်ဘာလမှ နှစ်ကုန်အထိ လေးလစာ ပြည်တွင်းစားသုံးရန် ဆန်လိုအပ်ချက်မှာ ၃ ဒသမ ၁၃၄ သန်းဖြစ်၍ ပြည်တွင်းလုံလောက်မှုရှိသည်။ ယခုစက်တင်ဘာလကုန်တွင် မိုးရာသီစိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၅ သန်းမှ ဆန်စပါးစတင်ပေါ်ထွက်လာမည်ဖြစ်၍ ဆန်ကိုပြည်ပသို့ ပုံမှန်အတိုင်း ဆက်လက်တင်ပို့ရောင်းချနိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း စိုးရိမ်စရာမရှိပေ။

မြန်မာနိုင်ငံတွင် တိုင်းပြည်၏အဓိကသီးနှံဖြစ်သည့် စပါးတစ်ဧက အထွက်နှုန်းကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ လာမည့်စိုက်ပျိုးရာသီတွင် နွေစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကို လယ်ယာအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည်။ လာမည့်ရာသီမှစ၍ နွေစပါးဧက ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းဧက ငါးသိန်းကို အကျိုးတူလယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ အနက်မှ ငွေကျပ်ဘီလီယံ၂၃၀ မတည်ပေးထားပြီးဖြစ်သည်။

ထို့အပြင် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားမြှင့်တင်နိုင်ရန် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ တောင်သူဦးကြီးများကိုယ်တိုင်ပါဝင်စီမံပြီး စုပေါင်းအင်အားများဖြင့် တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးနှင့် မိမိအကျိုး၊ နိုင်ငံတော်အကျိုးကို မျှော်ကိုးပြီး သာယာဝပြော၍ စားရေရိက္ခာပြည့်စုံကြွယ်ဝသည့် နိုင်ငံတော်အဖြစ်ရပ်တည်နိုင်အောင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံဆောင်ရွက်ပေးမှုဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ မြင့်မားတိုးတက်လာရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထွက်ကုန်များ ရောင်းဝယ်ဖောက်ကားရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နှစ်စဉ်ဆန်စပါးအထွက် ကောင်းမွန်လျက်ရှိပြီး ပြည်တွင်းစားသုံးမှု လောက်ငဖူလုံသည်။ ဆန်ကိုပြည်ပသို့တင်ပို့ရာတွင် ပြည်တွင်းဖူလုံမှသာ အပိုအလျှံများကိုစိစစ်၍ စနစ်တကျတင်ပို့လျက်ရှိသည်။ လက်ရှိတွင် ပြည်တွင်း၌ လက်ကျန်ဆန်အခြေအနေမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း မိုးစပါးအသစ်မထွက်ပေါ်မီအချိန်အထိ ဖူလုံပိုလျှံသည့် ပမာဏရှိသဖြင့် ပြည်သူများအတွက် အဓိကစားနပ်ရိက္ခာ လုံလောက်ဖူလုံမှုရှိပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## တရားမအထူးအယူခံမှု တစ်ခု ကြားဖြတ်အမိန့်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး) ကို ကြားဖြတ်အမိန့်ချမှတ်ပြီး၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၂ (ရှမ်း)နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၁ (ရန်ကုန်)၊ ၃၀/၂၀၂၁ (မကွေး)၊ ၃၂/၂၀၂၁ (မန္တလေး)၊ ၂၀/၂၀၂၂ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၂/၂၀၂၂ (မန္တလေး) နှင့် တရားမအထူး အယူခံမှုအမှတ် ၂၁/၂၀၂၁ (ရှမ်း)၊ ၂၂/၂၀၂၁ (ရှမ်း)၊ ၂၃/၂၀၂၁(ရှမ်း)၊ ၂၄/၂၀၂၁(ရှမ်း) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၈၀၀ | ၈,၅၄၁ | ၇၂,၆၂၀,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၅၀၀ | ၂၀,၄၆၈ | ၆၇,၄၉၅,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၅၆ | ၄၂၀,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၁,၁၇၀ | ၂၂,၄၇၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁,၀၄၃ | ၂,၆၁၅,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၇၀၀ | ၂,၁၀၄ | ၅,၅၈၅,၆၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁,၁၄၈ | ၅,၇၄၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၈၄.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၂.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၄၄၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၇.၄၇ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၇.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၅.၄ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၅.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၃.၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School အတွင်း ကြည့်ရှုလေ့လာစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Medical School သို့ ရောက်ရှိကြရာ Vice President of Medical Affairs of FEFU ဖြစ်သူ Dr. Oleg I.Pak နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကျောင်းခန်းမ၌ ဒေသတွင်းနှင့် နိုင်ငံတကာမှ သင်တန်းသားများ ခေါ်ယူ၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ဆေးဘက်ဆိုင်ရာပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေမှု အခြေအနေများ၊ ဆေးပညာရပ်အပြင် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုသင်တန်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမှု၊ တိရစ္ဆာန်များ အသုံးပြု၍ သုတေသနပြု လေ့ကျင့်ခန်းများ သင်ကြားပေးမှု၊ Robotic & Mechanistic နည်းပညာရပ်များ အသုံးပြု၍ ခွဲစိတ်ကုသမှုလေ့ကျင့်ခန်းများကို ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ သင်တန်းကျောင်းနှင့်အတူ တွဲဖက်ဖွင့်လှစ်ထားသည့် ခုတင် ၂၅၀ ဆံ့ ဆေးကုသမှု စင်တာတွင် ဆောင်ရွက်ပေးလျက် ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာများ၊ နိုင်ငံအတွက် ထူးချွန်ထက်မြက်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ကျောင်းမှ ထွက်ပေါ်လာသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအနက် စိစစ်၍ နည်းပြများအဖြစ် ပြန်လည်ခန့်အပ် တာဝန်ပေးလျက်ရှိသည့် အခြေအနေများ၊ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ သင်တန်းသားများအား လက်ခံသင်ကြားပေးလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်မည်ဆိုပါကလည်း ကြိုဆိုသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားများ စေလွှတ် သင်ကြားနိုင်ရေးနှင့် ပတ်သက်၍ သင်တန်းသားရွေးခြယ်မှုပုံစံများ၊ အဆင့်မြင့် ဆေးပညာရပ်များ တက်ရောက်သင်ကြားနိုင်မည့် အခြေအနေများ၊ သင်တန်းသားများ လာရောက်တက်ရောက်မည်ဆိုပါက ရရှိနိုင်မည့် အခွင့်အလမ်းများ စသည်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ပြီး ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းကလည်း သင်တန်းသားများ စေလွှတ်နိုင်မည့် အခြေအနေများ၊ ဆေးတက္ကသိုလ်အချင်းချင်း၊ ဆေးရုံအချင်းချင်း ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Medical School အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရောဂါအသီးသီးအလိုက် ဖြစ်ပွားမှုအခြေအနေမျိုးစုံကို Symbol ပြသနိုင်သည့် Simulation လူနာဖြင့် လက်တွေ့သင်ခန်းစာဆောင်ရွက်နိုင်မှု၊ ECG၊ Ultrasound နည်းပညာ၊ Micro Surgical Simulator ဖြင့် အသေးစိတ် ခွဲစိတ်ကုသလေ့ကျင့်ဆောင်ရွက်နိုင်မှု၊ အသားစများကို နမူနာယူ၍ သုတေသနပြုမှုများကို ဆောင်ရွက်လျက်ရှိသည့် Bio-technology ဌာနတို့၏ ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Medical Center သို့ ရောက်ရှိကြရာ Medical Center ၏ ညွှန်ကြားရေးမှူးချုပ် Professor Dr.Igor S. Bryukho-vetskiy က Medical Center ၏ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)အတွင်းရှိ Medical School ၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❖ **FEFU Campus အတွင်းရှိ Medical Center သည် အကျယ်အဝန်း စတုရန်းမီတာ ၅၃၀၀၀ ကျယ်ဝန်းပြီး ရုရှားနိုင်ငံ အနှံ့အပြားနှင့် နိုင်ငံရပ်ခြားမှ လာရောက်တာဝန်ထမ်းဆောင်သည့် ပါရဂူ၊ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဝန်ထမ်း ၂၀၀ ခန့်ရှိကြောင်း၊ FEFU Medical Center တွင် ဆေးဘက်ဆိုင်ရာဌာနကြီး ၁၄ ခု ထားရှိပြီး ရောဂါအမျိုးမျိုးတို့ကို ကုသပေးလျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Vice President of Medical Affairs of FEFU နှင့် Medical Center ၏ ညွှန်ကြားရေးမှူးချုပ် တို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ FEFU Campus အတွင်းရှိ Medical Center သည် အကျယ်အဝန်း စတုရန်းမီတာ ၅၃၀၀၀ ကျယ်ဝန်းပြီး ရုရှားနိုင်ငံ အနှံ့အပြားနှင့် နိုင်ငံရပ်ခြားမှ လာရောက် တာဝန်ထမ်းဆောင်သည့် ပါရဂူ၊ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဝန်ထမ်း ၂၀၀ ခန့်ရှိကြောင်း၊ FEFU Medical Center တွင် ဆေးဘက်ဆိုင်ရာဌာနကြီး ၁၄ ခုထားရှိပြီး ရောဂါအမျိုးမျိုးတို့ကို ကုသပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့သို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်းအတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဗလာဒီဗော့စတော့ခ်မြို့ရှိရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်နှင့် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် Makarov Pacific Higher Naval School သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး Rear-Admiral Vladimir Vasilievich BURAKOV နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းကျောင်း အတွင်း သင်တန်းသားအဆောင်နှင့် ဌာနများ ဖြန့်ခွဲဆောင်ရွက်ထားရှိမှု၊ နှစ်စဉ်သင်တန်းသားများကို စိစစ်ရွေးချယ် တက်ရောက်စေမှု၊ သင်တန်းသားများအား သင်တန်းနှစ်အလိုက်နှင့် ဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် သင်တန်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်းတာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ယင်းနောက် ရေတပ်လေ့ကျင့်ရေးကျောင်းအတွင်း လှည့်လည်၍ စာသင်ခန်းများအတွင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ Multimedia Room များဖြင့် စနစ်တကျလေ့ကျင့်ပေးနေမှု အခြေအနေများ၊ အလုပ်ရုံများအတွင်း သင်တန်းသားများ စက်မှု၊ လက်မှု ပညာရပ်များဖြင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများ၊ သင်တန်းသားများ၏ စားရေး၊ နေရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အခြေအနေများ၊ စာကြည့်တိုက်ကို IT စနစ်ဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သင်တန်းသားများကိုယ်တိုင် တီထွင်ထားရှိသည့် ဆိုလာစနစ်သုံး ရေယာဉ်အား စမ်းသပ်မောင်းနှင်လျက်ရှိသည့် အခြေအနေများ၊ ကြံ့ခိုင်မှုဌာန၊ အိပ်ဆောင်များ စသည်တို့ကို အသေးစိတ် စိတ်ဝင်တစားလေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး၊ ဌာနအလိုက် တာဝန်ခံနည်းပြအရာရှိကြီးများ၊ သင်တန်းသားများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးခဲ့သည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေတပ်လေ့ကျင့်ရေးကျောင်း ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရ ပစ္စည်းများ ဂါရဝပြုပြန်လည် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ရေတပ်လေ့ကျင့်ရေးကျောင်းမှ Media သင်တန်းသားများ၏ သိရှိလိုသည်များနှင့် အကြံပြုလိုသည်များ မေးမြန်းမှုများအပေါ် လက်ခံဖြေကြားခဲ့ပြီး ရေတပ်လေ့ကျင့်ရေးကျောင်းမှ ပြန်လည်ထွက်ခွာသည်။

**ရေတပ်လေ့ကျင့်ရေးကျောင်း**

အဆိုပါ Makarov Pacific Higher Naval School ရေတပ်လေ့ကျင့်ရေးကျောင်းသည် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အောက်တွင်ရှိသည့် ရေတပ်လေ့ကျင့်ရေးကျောင်းများအနက် တစ်ခုဖြစ်ကာ ရုရှားနိုင်ငံ၏ Pacific Fleet အတွက် အရာရှိများကို ပြန်တမ်းဝင်အဖြစ် ခန့်အပ်ပေးလျက်ရှိပြီး ၁၉၃၇ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ရုရှားနိုင်ငံ၏ တတိယမြောက် ရေတပ်လေ့ကျင့်ရေးကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ် Pacific Fleet Headquarters သို့ရောက်ရှိလေ့လာကြရာ Deputy Commander of Pacific Navy Fleet ဖြစ်သူ Rear-Admiral Vladimir ASTAKHOV နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရေငုပ်သင်္ဘောဌာနချုပ်အတွင်း ရေငုပ်သင်္ဘောများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊

**စာမျက်နှာ ၅ သို့** ❂

❂ စာမျက်နှာ ၄ မှ

ကမ်းကပ်ရေငုပ်သင်္ဘောများ၏ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Deputy Commander of Pacific Navy Fleet တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်သည် ရုရှားနိုင်ငံရေပိုင်နက်များအတွင်း၌ ရေတပ်စစ်ရေးလေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေးအတွက် နေ့/ညမပြတ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေတပ်ဌာနချုပ် တစ်ခုဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port OF Vladivostok အစည်းအဝေးခန်းမတွင် Far Eastern Shipyard Company(FESC)၏ အကြီးအကဲ Mr. Andrey Severilov က ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ်မြို့ရှိ အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ်တွင် ကြည့်ရှုလေ့လာစဉ်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port OF Vladivostok သို့ ရောက်ရှိလေ့လာကြရာ Far Eastern Shipyard Company(FESC) ၏ အကြီးအကဲ Mr. Andrey Severilov နှင့် Board of Directors အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် (FESC)၏ အကြီးအကဲက (FESC)၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဆိပ်ကမ်းလုပ်ငန်းပိုင်းဆိုင်ရာနှင့် ကုန်စည် ပို့ဆောင်ရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ကုန်စည်ပို့ဆောင်နိုင်မည့် အခြေအနေများနှင့် အခြားသိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Far Eastern Shipyard Company (FESC)၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဗလာဒီဗော့စတော့ခ်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Managing Director ဖြစ်သူ Mr. Vladimir Korchanov နှင့် တာဝန်ရှိသူများက Container Terminal နှင့် Universal Terminal တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကိုယ်ပိုင် သင်္ဘောကြီးများ၊ ကွန်တိန်နာများ၊ ရထားလမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များဖြင့်(FESC)၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်းပတ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## အကြီးဆုံးဆိပ်ကမ်း

အဆိုပါ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကို ၁၈၇၂ ခုနှစ်တွင် ရုရှားရေတပ်ဌာနချုပ်အဖြစ်စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပထမကမ္ဘာစစ်ကာလအတွင်း ယင်းဆိပ်ကမ်းမှတစ်ဆင့် စစ်ဘက်သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ကာလတွင် နိုင်ငံခြားမှ ကုန်တင်သင်္ဘောအချို့ စတင်ဝင်ရောက်လာခဲ့ပြီး ၁၉၅၀ ပြည့်နှစ်အလွန် နှစ်များတွင် နိုင်ငံတကာမှ သင်္ဘောများ ဝင်ရောက်လာခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် Vladivostock အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဟူ၍ ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအရှေ့ပိုင်းတို့တွင် အကြီးဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

- **ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကို ၁၈၇၂ ခုနှစ်တွင် ရုရှားရေတပ်ဌာနချုပ်အဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပထမကမ္ဘာစစ်ကာလအတွင်း ယင်းဆိပ်ကမ်းမှတစ်ဆင့် စစ်ဘက်သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို အဓိကထားဆောင်ရွက်ခဲ့**
- **ဒုတိယကမ္ဘာစစ်ကာလတွင် နိုင်ငံခြားမှ ကုန်တင်သင်္ဘောအချို့ စတင်ဝင်ရောက်လာခဲ့ပြီး ၁၉၅၀ ပြည့်နှစ် အလွန်နှစ်များတွင် နိုင်ငံတကာမှ သင်္ဘောများဝင်ရောက်လာခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် Vladivostock အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဟူ၍ ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအရှေ့ပိုင်းတို့တွင် အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်**

# ရုရှားနိုင်ငံထုတ်လက်နက်အသစ်များကို ကမ္ဘာသို့ထုတ်ဖော်ပြသလိုက်နိုင်တဲ့ ARMY 2022 အပြည်ပြည်ဆိုင်ရာ စစ်ဘက်နှင့်နည်းပညာဖိုရမ်

ထက်မြတ်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ကြီးမှူးတဲ့ ARMY 2022 အပြည်ပြည်ဆိုင်ရာ စစ်ဘက်နှင့်နည်းပညာဖိုရမ်ကို ဩဂုတ် ၁၅ ရက်ကနေ ၂၁ ရက်အထိ ရုရှားနိုင်ငံကလက်ခံကျင်းပခဲ့ပါတယ်။ အဲဒီရက်တွေမှာပဲ Army International Games နဲ့ (၁၀) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာမော်စကိုညီလာခံကိုလည်း တစ်ပြိုင်နက်တည်းပြုလုပ်ခဲ့ပါသေးတယ်။

ARMY 2022 အစီအစဉ်တွေကို အလာဘီနိုတပ်မတော်လေ့ကျင့်ရေးကွင်းရှိကူဘင်ကာလေယာဉ်ကွင်းရဲ့ ပတ်ထရီးယော့ကွန်ဗင်းရှင်းနှင့်ပြပွဲစင်တာနဲ့ စစ်ခရိုင်များအားလုံးအတွင်းမှာသာမက မြောက်ပိုင်းရေယာဉ်စုမှာပါ ကျင်းပခဲ့တာပါ။ ကြည်းတပ်ဖိုရမ်ဆိုတာ အစဉ်အလာအားဖြင့်တော့ နောက်ဆုံးပေါ်စစ်လက်နက်ပစ္စည်းများစွာကို ခင်းကျင်းပြသပြီး ဆက်စပ်ကိစ္စရပ်တွေကိုဆွေးနွေးကြတဲ့ အရေးအကြီးဆုံးသော အပြည်ပြည်ဆိုင်ရာစကြံ်တစ်ခုဖြစ်ပါတယ်။

အထူးသဖြင့် ဒီနှစ်မှာထုတ်ဖော်ပြသလိုက်တဲ့ စစ်လက်နက်ပစ္စည်းအသစ်အဆန်းများထဲမှာ ဝေဟင်မှပစ်ခတ်နိုင်တဲ့ ဘက်စုံသုံးကိုယ်ပျောက် တိကျပဲ့ထိန်းလမ်းညွှန်စနစ်ပါ Kh-69 အနိမ့်ပျံဒုံးကျည်၊ Viking SAM System ရဲ့ ပစ်မှတ်ရှာရေဒါ၊ Planshet-M-IR ရွေ့လျားအလိုအလျောက်ပစ်သေနတ်/စိန်ပြောင်း/MRL ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်နဲ့ လျှပ်စစ်-မျက်မြင်စနစ်ပါ ဘက်စုံသုံးမျိုးဆက်သစ် Orlan-30 အမျိုးအစား မောင်းသူမဲ့လေယာဉ်စနစ်တို့ပါဝင်ပါတယ်။

ပင်မပြပွဲခန်းမများရှေ့တည့်တည့်မှာ နေရာချထားတဲ့ ပဉ္စမမျိုးဆက်တိုက်လေယာဉ် Su-57 ကိုတော့ ပြပွဲလာညှော့်ပရိသတ်များက မျက်စိကျစိတ်ဝင်စားမှုအရှိဆုံးပါပဲ။ ဖိုရမ်မှာခင်းကျင်းပြသသွားတဲ့ စစ်လက်နက်ပစ္စည်းနဲ့ စစ်သုံးပစ္စည်းအမျိုးအစားပေါင်း ၁၀၀၀ ကျော်ရှိပြီး ပြပွဲလာညှော့်ပရိသတ်စုစုပေါင်းကတော့ နှစ်သန်းနီးပါးရှိပါတယ်။

စစ်သုံးပစ္စည်းများ၊ ဘက်စုံသုံးပစ္စည်းများ၊ နည်းပညာများနှင့် ဝန်ဆောင်မှုများအားလုံးကို တင်သွင်းခြင်း၊ တင်ပို့ခြင်းတို့အတွက် တစ်ခုတည်းသောနိုင်ငံပိုင်ကုမ္ပဏီဖြစ်တဲ့ Rosoboronexport က ပြပွဲကာလတစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများစွာကိုပြုလုပ်နိုင်ကာ ဆွေးနွေးမှုရလဒ်များကိုလည်းထုတ်ပြန်ကြေညာခဲ့ပါတယ်။

"၂၀၂၂ ခုနှစ်အတွင်းမှာ Rosoboronexport က ကြည်းတပ်ဖိုရမ်ရဲ့ဘေးပန်းအနေနဲ့ လုပ်ငန်းအစီအစဉ်များစွာကို စီစဉ်နိုင်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ တွေ့ဆုံဆွေးနွေးမှုစုစုပေါင်း ၇၀ ကျော် ပြုလုပ်ခဲ့ပြီး ဒီအတောအတွင်း မိတ်ဖက်နိုင်ငံပေါင်း ၃၀ မှ ကိုယ်စားလှယ်များနဲ့ စစ်ဘက်-နည်းပညာဆိုင်ရာကိစ္စများစွာကို ဆွေးနွေးခဲ့ပါတယ်။ မိမိတို့အနေနဲ့ တင်ပို့မှုစာချုပ်များစွာကိုအဆုံးသတ်နိုင်ခဲ့တဲ့အပြင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိတဲ့ သဘောတူစာချုပ်များအတွက် အခြေခံအုတ်မြစ်များကိုလည်းချမှတ်နိုင်ခဲ့ပါသေးတယ်" လို့ Rosoboronexport မှ ညွှန်ကြားရေးမှူးချုပ် အလက်ဇန်းဒါးမီခိက ပြောပါတယ်။

ဒါ့အပြင် "ကုမ္ပဏီအနေနဲ့ ဖိုရမ်သို့လာရောက်သူ မိတ်ဖက်ကိုယ်စားလှယ်များကိုလည်း ရုရှားထုတ်ကုန်အမျိုးပေါင်း ၃၅၀ ခန့်ကို ပြသနိုင်ခဲ့ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ စိတ်ဝင်စားမှုအများဆုံးကတော့ Su-57E ပဉ္စမမျိုးဆက်တိုက်လေယာဉ်၊ T-14 Armata တင့်၊ Ka-52E တိုက်ခိုက်ရေးရဟတ်ယာဉ်၊ Tor-E2 SAM စနစ်၊ Kornet-E ATGM စနစ်နဲ့ K-17 Boomerang ခြေလျင်တင်တိုက်ခိုက်ရေးယာဉ်တို့ ဖြစ်ပါတယ်" လို့သူကဆက်ပြောပါတယ်။

Rosoboronexport က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ကုမ္ပဏီတို့ ပူးပေါင်းဖန်တီးထားတဲ့ ဖြစ်နိုင်ဖွယ်အခြေအနေတစ်ခုအပေါ်မူတည်ပြီး ရုရှားသံချပ်ကာယာဉ်များနဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်များ လက်တွေ့သရုပ်ပြသမှုကို အလာဘီနိုလေ့ကျင့်ရေးကွင်းမှာ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလိုလက်တွေ့သရုပ်ပြသမှုထဲမှာ BMD-4M လေကြောင်းချီချေမှုန်းရေးယာဉ်၊ K-17 Boomerang ခြေလျင်တင်တိုက်ခိုက်ရေးယာဉ်တို့အပါအဝင် စစ်လက်နက်ပစ္စည်းအမျိုးပေါင်း ၁၉ မျိုးရဲ့ လှုပ်ရှားသွားလာနိုင်မှုနဲ့ ပစ်ခတ်မှုစွမ်းရည်များကို ထုတ်ဖော်ပြသခဲ့ပါတယ်။

"အနောက်နိုင်ငံတွေက ရုရှားနိုင်ငံကိုဖယ်ကြဉ်ထားဖို့ စဉ်ဆက်မပြတ်ရည်ရွယ်ထားပေမယ့်လည်း Rostec ကုမ္ပဏီကတော့ စစ်ဘက်-နည်းပညာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ ဆက်လက်ပါဝင်ဆောင်ရွက်နေဦးမှာပါ။ ဒီနှစ်မှာဆိုရင် မိမိတို့အနေနဲ့ ရူဘယ်တစ်ထရီလီယံတန်ဖိုးရှိတဲ့ သဘောတူစာချုပ်တွေကို ပြည်ပမှဝယ်လက်များစွာနဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးပါပြီ"လို့ Rostec ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဆာဂျီချီမီဇော့ကပြောပါတယ်။ အခုဖိုရမ်အတွင်း ချုပ်ဆိုလိုက်နိုင်တဲ့ စာချုပ်များရဲ့တန်ဖိုးက ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်း နှစ်စဉ်ချုပ်ဆိုနိုင်ခဲ့တဲ့သဘောတူစာချုပ်တွေထက်ကို များစွာသာလွန်နေပါတယ်။

ဒါကိုကြည့်ပြီးဆိုရမယ်ဆိုရင် ယူကရိန်းမှာလုပ်တဲ့ ရုရှားနိုင်ငံရဲ့အထူးစစ်ဆင်ရေးအတွင်း ရုရှားလက်နက်တွေရဲ့ ထိရောက်မှုကို မြင်တွေ့ရပြီးနောက် ပြည်ပမိတ်ဖက်နိုင်ငံများက ရုရှားနိုင်ငံထုတ်လက်နက်တွေကို ပိုမိုသဘောကျလာတယ်ဆိုတာ ထင်ရှားနေပါတယ်လို့ စစ်ဘက်-နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရုရှားဖက်ဒရယ်လုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူး ဒီမီထရီရှူဂါအက်က ပြောပါတယ်။

"ယူကရိန်းနိုင်ငံမှာလုပ်တဲ့ အထူးစစ်ဆင်ရေးကြောင့် ပြည်ပမိတ်ဖက်နိုင်ငံတွေအနေနဲ့ ရုရှားလက်နက်များအပေါ် စိတ်ဝင်စားမှုမြင့်တက်လာပါတယ်။ အများစုက ရရှိနိုင်တဲ့ အချက်အလက်များအပေါ်မူတည်ပြီး တိုက်ပွဲအတွင်းလက်နက်တွေရဲ့ထိရောက်မှုကို ချင့်ချိန်တွက်ချက်လာကြတာပါ။

စာမျက်နှာ ၇ သို့ ❖






Chukavin Sniper Rifle




Kh-69 အနိမ့်ပျံဒုံးကျည်

"အနောက်နိုင်ငံတွေက ရုရှားနိုင်ငံကိုဖယ်ကြဉ်ထားဖို့ စဉ်ဆက်မပြတ်ရည်ရွယ်ထားပေမယ့်လည်း Rostec ကုမ္ပဏီကတော့ စစ်ဘက်-နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ ဆက်လက်ပါဝင်ဆောင်ရွက်နေဦးမှာပါ။ ဒီနှစ်မှာဆိုရင် မိမိတို့အနေနဲ့ ရူဘယ် တစ်ထရီလီယံတန်ဖိုးရှိတဲ့ သဘောတူစာချုပ်တွေကို ပြည်ပမှ ဝယ်လက်များစွာနဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးပါပြီ"လို့ Rostec ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဆာဂျီချီမီဇော့ကပြောပါတယ်။ အခုဖိုရမ်အတွင်း ချုပ်ဆိုလိုက်နိုင်တဲ့ စာချုပ်များရဲ့တန်ဖိုးက ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်း နှစ်စဉ်ချုပ်ဆိုနိုင်ခဲ့တဲ့သဘောတူစာချုပ်တွေထက်ကို များစွာသာလွန်နေပါတယ်"

**“ဒီနှစ်အတွက် စိတ်ဝင်စားဖွယ်အကောင်းဆုံးကတော့ Su-57 ပဉ္စမမျိုးဆက်တိုက်လေယာဉ်စနစ်ကို ပတ်ထရီးယော့စင်တာ အဆောက်အအုံဘေးနားမှာ လက်တွေ့သရုပ်ပြသမှုပဲဖြစ်ပါတယ်။ Su-57 အဆင့်မြင့်ဘက်စုံသုံးတိုက်လေယာဉ်ဟာဆိုရင် ခေတ်မီအဆင့်မြင့်ပဲ့ထိန်းနဲ့ ပဲ့ထိန်းမပါတဲ့လက်နက်တွေအသုံးပြုပြီး ဝေဟင်၊ မြေပြင်၊ ရေပြင်ပစ်မှတ်တွေကို နေ့ရောညပါ တိုက်ခိုက်နိုင်စေဖို့အတွက် ရည်ရွယ်ဒီဇိုင်းရေးဆွဲထားတာပါ။ အဲဒီတိုက်လေယာဉ်မှာ နောက်ဆုံးပေါ် ပျံသန်းမှုထိန်းချုပ်ရေး အီလက်ထရွန်နစ်စနစ်များ၊ စစ်လက်နက်ပစ္စည်းများနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးစနစ်များကို တပ်ဆင်ထားပါတယ်”**



Su–57 ဘက်စုံသုံးတိုက်လေယာဉ်

❖ စာမျက်နှာ ၆ မှ
ဒ့ါအပြင် ရုရှားနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများရဲ့ မြင့်မားတဲ့အရည်အသွေး၊ အားကိုးယုံကြည်နိုင်မှု၊ ခံနိုင်ရည်ရှိမှုနဲ့ ပြုပြင်ထိန်းသိမ်းရလွယ်ကူမှုတို့ကြောင့် အာဖရိက၊ လက်တင်အမေရိကနဲ့ ကမ္ဘာကြီးရဲ့ တခြားဒေသများမှ အလားအလာရှိတဲ့ ဝယ်လက်များရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့တာဖြစ်ပါတယ်” လို့ ဒီမီထရီရှူဂါအက်က ပြောပါတယ်။

၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာဆိုရင် ပြည်ပမိတ်ဖက်နိုင်ငံများနဲ့ သဘောတူညီချက်အရနဲ့ သဘော်ထွက်ခွာမှုအချိန်ဇယားများအရ စစ်လက်နက်ပစ္စည်းများစွာကို တင်ပို့နိုင်ခဲ့ပါတယ်။ စုစုပေါင်းအနေနဲ့ပြောရရင် အဲဒီစစ်လက်နက်ပစ္စည်းတွေကို နိုင်ငံပေါင်း ၃၀ ကျော်ဆီ တင်ပို့ခဲ့တာဖြစ်တယ်လို့လည်း သူကဆက်ပြောပါတယ်။

**နောက်ဆုံးပေါ်ထုတ်ကုန်များ**

ဒီနှစ်အတွက် စိတ်ဝင်စားဖွယ်အကောင်းဆုံးကတော့ Su–57 ပဉ္စမမျိုးဆက်တိုက်လေယာဉ်စနစ်ကို ပတ်ထရီးယော့စင်တာ အဆောက်အအုံဘေးနားမှာ လက်တွေ့သရုပ်ပြသမှုပဲဖြစ်ပါတယ်။ Su–57 အဆင့်မြင့်ဘက်စုံသုံးတိုက်လေယာဉ်ဟာဆိုရင် ခေတ်မီ



Kornet–EM

အဆင့်မြင့်ပဲ့ထိန်းနဲ့ ပဲ့ထိန်းမပါတဲ့လက်နက်တွေအသုံးပြုပြီး ဝေဟင်၊ မြေပြင်၊ ရေပြင်ပစ်မှတ်တွေကို နေ့ရောညပါ တိုက်ခိုက်နိုင်စေဖို့အတွက် ရည်ရွယ်ဒီဇိုင်းရေးဆွဲထားတာပါ။ အဲဒီတိုက်လေယာဉ်မှာ နောက်ဆုံးပေါ် ပျံသန်းမှုထိန်းချုပ်ရေး အီလက်ထရွန်နစ်စနစ်များ၊ စစ်လက်နက်ပစ္စည်းများနဲ့ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးစနစ်များကို တပ်ဆင်ထားပါတယ်။

လေယာဉ်ရဲ့စစ်လက်နက်ပစ္စည်းစာရင်းထဲမှာဆိုရင် ARMY 2022 ရဲ့အဆန်းသစ်ဆုံး လက်နက်ဖြစ်တဲ့အပြင် နည်းဗျူဟာမြောက်ဒုံးလက်နက်ကော်ပိုရေးရှင်း(KTRV)ရဲ့ ပြပွဲပစ္စည်းဖြစ်တဲ့ ဝေဟင်မှပစ်ခတ်နိုင်သော ဘက်စုံသုံးကိုယ်ပျောက်တိကျပဲ့ထိန်းလမ်းညွှန်စနစ်ပါ Kh–69 အနိမ့်ပျံဒုံးကျည်ပါပဲ။ KTRV ရဲ့ တရားဝင်ထုတ်ပြန်ချက်ပါအချက်အလက်တွေကို ကိုးကားပြောရမယ်ဆိုရင် Kh–69 ဟာ မြေပြင်အထိုင်ပစ်မှတ်အမျိုးမျိုးကို ဖျက်ဆီးနိုင်ဖို့ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။

သူ့ကိုမပစ်ခတ်ခင် မတူညီတဲ့ပစ်မှတ်များဆီ ချိန်ရွယ်ထားနိုင်စေဖို့အတွက် ဒုံးကျည်ထိန်းချုပ်ရေးစနစ်ထဲကို လေကြောင်းပျံသန်းမှုများစွာ ထည့်သွင်းထားနိုင်ပါတယ်။ Kh–69 ရဲ့စစ်ဆင်နိုင်မှုအကွာအဝေးက ကီလိုမီတာ ၂၉၀ ဖြစ်ပြီး မြေပြင်အထက် မီတာ ၅၀ ကနေ ၃၀၀ အတွင်းမှာ တစ်နာရီကို ကီလိုမီတာ ၇၅၀ ကနေ ၁၀၀၀ နှုန်းနဲ့ ပျံသန်းနိုင်ပါတယ်။

ARMY 2022 မှာထုတ်ဖော်ပြသပြီး လူကြိုက်အများဆုံးဖြစ်တဲ့ ရုရှားစစ်လက်နက်ပစ္စည်းတစ်ခုကတော့ Armata ဘက်စုံတိုက်ပွဲဝင်စနစ်အပေါ်မှာ အခြေခံထားတဲ့ T–14 တင့်ပါပဲ။

“တင့်ကို မမျှော်မှန်းထားတဲ့ဒီဇိုင်းနဲ့ ပေါင်းစပ်ထားတာဖြစ်ပါတယ်။ အထူးသဖြင့် T–14 မှာဆိုရင် လူမဲ့ဆုံလည်တစ်ခုပါဝင်ပြီး တင့်အဖွဲ့သားတွေက အရင်လိုခဲယမ်းတွေနဲ့ အတူတူမနေရတော့ဘဲ သီးခြားခွဲထွက်ထားတဲ့ သံချပ်ကာအခန်းငယ်ထဲမှာနေရမှာပါ။ ဒီတင့်ကို သွက်လက်တက်ကြွတဲ့ကာကွယ်မှုစနစ်နဲ့ ပေါက်ကွဲမှုကိုတုံ့ပြန်မှုရှိတဲ့ သံချပ်ကာအပြင် စွမ်းအားမြင့်စက်အမြောက်ကြီးနဲ့ အလိုအလျောက်ကျည်ထိုးစနစ်ပါဝင်တဲ့ အဝေးထိန်းလက်နက်စခန်းတို့နဲ့ တည်ဆောက်ထားတာပါ။ လျှပ်စစ်–မျက်မြင် ကင်းထောက်စနစ်များ၊ ချိန်ရွယ်ပြီး ပစ်မှတ်ရှာဖွေတဲ့ဆင်ဆာများကိုလည်း ဆုံလည်နဲ့ တင့်ကိုယ်ထည်ပတ်ပတ်လည်မှာ တပ်ဆင်ထားပါတယ်”လို့ T–14 တင့်ကို ထုတ်လုပ်သူ


PTKM–1R

အူရယ်ဗာဂွန်ဇာဗော့ကော်ပိုရေးရှင်းရဲ့ ပြန်ကြားရေးဌာနက ထုတ်ပြန်ထားပါတယ်။

**လေယာဉ်**

ယူနိုက်တက်လေယာဉ်ကော်ပိုရေးရှင်းရဲ့ စစ်သုံးလေယာဉ်အမျိုးအစားများအားလုံးနီးပါးဖြစ်တဲ့ Su–34၊ Su–35၊ Su–57၊ Su–30SM၊ Yak–130၊ Il–78MK–90A၊ Il–76MD–90A၊ MiG–35၊ MiG–29K၊ Be–200 အစရှိတဲ့လေယာဉ်များလည်း ARMY 2022 မှာ ပါဝင်ပြသခဲ့ပါတယ်။

အကောင်းဆုံးလှုပ်ရှားစစ်ကစားနိုင်စွမ်းရှိတဲ့ ဘက်စုံသုံး Su–30SM တိုက်လေယာဉ်ကတော့ သူ့ရဲ့စွမ်းဆောင်ရည်ကို သရုပ်ပြသခဲ့ပါတယ်။ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကောင်းစွာထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိတဲ့ ဒီတိုက်လေယာဉ်ဟာ သူ့မှာပါဝင်တပ်ဆင်ထားတဲ့ အကြီးစားလက်နက်များကြောင့် အကောင်းဆုံးတိုက်ခိုက်ရေးစွမ်းရည်များကို ပိုင်ဆိုင်ထားရုံသာမကဘဲ အနီးကပ်ဝေဟင်တိုက်ပွဲမှာ ရန်သူ့အပေါ် လွှမ်းမိုးနိုင်တဲ့ အကောင်းဆုံးသော လှုပ်ရှားစစ်ကစားမှုကိုလည်း ပိုင်ဆိုင်ထားပါတယ်။

ရုရှားကျွမ်းကျင်ပညာရှင်တွေကတော့ ဒီတိုက်လေယာဉ်နဲ့ တခြားဆူခွိုင်းတိုက်လေယာဉ်များမှာပါတဲ့ အဓိကအားသာချက်များနဲ့ပတ်သက်ပြီး အသိအမှတ်ပြုပြောထားပါတယ်။ အဲဒီအားသာချက်တွေကတော့ ချေမှုန်းနိုင်စွမ်းမြင့်မားတဲ့ ပဲ့ထိန်းဒုံးကျည်များနဲ့ ပဲ့ထိန်းမပါတဲ့ ဒုံးသီးများအပြင် ၃၀ မီလီမီတာ အော်တိုစက်အမြောက်ပါဝင်မှု၊ အခြေစိုက်စခန်းသို့ အလိုအလျောက်ပျံသန်းနိုင်မှုနဲ့ ဝေဟင်ဆီဖြည့်နိုင်စွမ်း၊ ပျံသန်းမှုထိန်းချုပ်ရေးလေယာဉ်နည်းပညာများနဲ့ လက်နက်စနစ်များကို လိုအပ်သလိုတပ်ဆင်နိုင်မှုတို့ပဲဖြစ်ပါတယ်။

စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်အပိုင်းမှာဆိုရင်လည်း ရုရှားနိုင်ငံထုတ် လေယာဉ်အသစ်ဖြစ်တဲ့ Il–76MD–90A စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ကိုလည်း ပြသခဲ့ပါတယ်။ အဲဒီလေယာဉ်က ကမ္ဘာတစ်ဝန်းမှာအသုံးပြုနေတဲ့ Il–76MD လေယာဉ်ပေါ်မှာ အခြေခံထားတာဖြစ်ပြီး အလားတူလေယာဉ်အမျိုးအစားကို နောက်ထပ်အဆင့်မြှင့်တင်မှုတွေလုပ်နိုင်ဖို့ ဒီဇိုင်းရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင် လေယာဉ်တောင်ပံကိုအဆင့်မြှင့်တင်ခြင်း၊ D–30KP–2 အင်ဂျင်များအစား ဆီစားသက်သာပြီးအသံထွက်ငြိမ်ကာ စွမ်းဆောင်ရည်မြင့်မားတဲ့ PS–90A–76 အင်ဂျင်များကို တပ်ဆင်ထားခြင်းတို့ကြောင့် ခရီးဝေးပျံသန်းနိုင်စွမ်း ပိုမိုမြင့်မားပါတယ်။

Ka–52 ကင်းထောက်/တိုက်ခိုက်ရေး ရဟတ်ယာဉ်ကိုလည်း ARMY 2022 မှာ ထည့်သွင်းပြသခဲ့ပါတယ်။ သင်္ဘောတင်အမျိုးအစားဖြစ်တဲ့ Ka–52K Katran အမျိုးအစားအနေနဲ့ပါ။ သူ့ကိုသင်္ဘောများအပေါ်မှာသာမက မြေပြင်ပေါ်မှာလည်းအသုံးပြုနိုင်ပြီး လေယာဉ်မှူးခုန်ထွက်မှုနဲ့ ဒဏ်ထိန်းစနစ်တစ်ခုကိုလည်း တပ်ဆင်ထားပါတယ်။

ဖိုရမ်မှာပြသခဲ့တဲ့ နောက်ထပ်စစ်လက်နက်ပစ္စည်းတစ်မျိုးကတော့ Mi–28NE တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြစ်ပါတယ်။ သူ့မှာ နောက်ဆုံးပေါ်ပဲ့ထိန်းဒုံးကျည်စနစ်များ တပ်ဆင်ပေးထားပါတယ်။ ဒ့ါအပြင် မောင်းသူမဲ့လေယာဉ်များနဲ့ ဆက်သွယ်ချိတ်ဆက်နိုင်တဲ့စနစ်ကိုလည်း ထည့်သွင်းထားတာကြောင့် လေကြောင်းရန်ကာကွယ်ရေးစနစ်က ဖော်ထုတ်တွေ့ရှိတဲ့ရန်သူ့ပစ်မှတ်များကို ကောင်းစွာချေမှုန်းနိုင်စွမ်းရှိပါတယ်။

Mi–28NE နံဘေးမှာ ပြသထားတဲ့စစ်လက်နက်ကတော့ Mi–35P သယ်ယူပို့ဆောင်ရေး/တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြစ်ပြီး သူ့ကို Mi–24P ရဟတ်ယာဉ်ပေါ်မှာ အခြေခံတည်ဆောက်ထားတာပါ။ သူ့အနေနဲ့ Mi–24P မှ အားသာချက်များဖြစ်တဲ့ သာလွန်တဲ့အမြန်နှုန်း၊ သယ်ယူပို့ဆောင်ရေး/တိုက်ခိုက်ရေးစွမ်းဆောင်ရည်များနဲ့ တိုက်ပွဲမှာ ရှင်သန်နိုင်စွမ်းလုပ်ဆောင်ချက်များကို အမွေဆက်ခံထားပါတယ်။ Mi–35P မှာ ပဲ့ထိန်းလက်နက်များနဲ့ President–S လေကြောင်းချီကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်း တပ်ဆင်နိုင်ပါတယ်။ Mi–35Pရဲ့စွမ်းဆောင်ရည်တစ်ခုကတော့ ကုန်းမြင့်ဒေသများမှာသာမက ပူပြင်းတဲ့ရာသီဥတုဖြစ်စေ၊ စိုစွတ်တဲ့ရာသီဥတုဖြစ်စေ ဘယ်လိုအခြေအနေမှာမဆို စစ်ဆင်ရေးလုပ်ဆောင်နိုင်စွမ်းရှိတာပါပဲ။

Orlan–30 မောင်းသူမဲ့လေယာဉ်ဆိုရင်လည်း သူ့ကိုပေးအပ်မယ့်တာဝန်များအပေါ်လိုက်ပြီး အမျိုးမျိုးသောစစ်ဆင်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ပါတယ်။ အဲဒီတာဝန်တွေထဲမှာ ကင်းလှည့်ခြင်း၊ ကင်းထောက်ခြင်း၊ တိကျလက်နက်များကို လမ်းညွှန်ခြင်း၊ ပစ်မှတ်ဖော်ပြခြင်း၊ တိုက်ခိုက်မှုပြီးနောက် လေ့လာဆန်းစစ်ခြင်း အစရှိသဖြင့် ပါဝင်ပါတယ်။ သူ့ကိုအထူးပြုလုပ်ထားတဲ့သေတ္တာနဲ့ ပို့ဆောင်နိုင်ပါသေးတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီ ၇၁ ပါတီနှင့် ဆွေးနွေးမှုပြုခဲ့ရာ နောင်ရွေးကောက်ပွဲများတွင် PR စနစ် ပြောင်းလဲကျင့်သုံးရန်နှင့် စတင်ကျင့်သုံးရာတွင် မဲဆန္ဒရှင်ပြည်သူများ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်မည့် Close List PR စနစ်အား ကျင့်သုံးရန်သဘောတူခဲ့



နေပြည်တော် စက်တင်ဘာ ၅

အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation System – PRs) ကို ပြောင်းလဲကျင့်သုံးနိုင်ရေး လက်ရှိတည်ဆဲနိုင်ငံရေးပါတီများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးရာတွင် နိုင်ငံရေးပါတီ ၇၁ ပါတီ တက်ရောက်ခဲ့ပြီး လေးကြိမ် ဆွေးနွေးမှုပြုခဲ့ရာ၌ နောင်ရွေးကောက်ပွဲများ ကျင်းပသည့်အခါ PR စနစ် ပြောင်းလဲကျင့်သုံးရန်နှင့် စတင်ကျင့်သုံးရာတွင် မဲဆန္ဒရှင်ပြည်သူများ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်မည့် Close List PR စနစ်အား ကျင့်သုံးရန် သဘောတူခဲ့ကြကြောင်း၊ ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို PR စနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောကြားသည်။

**ပြောကြားခဲ့**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်း (ဒုတိယဦးစီးမှူး)များ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၅/၂၀၂၂) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက စစ်ကြောရေးနှင့် တည်းခိုနေထိုင်ရေး(ရွာတော်)တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌက သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက သင်တန်းတွင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အပိုင်းများကို သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် သင်တန်းမှ ပို့ချလိုက်သည့် စာတွေ့လေ့လာသိရှိမှုများကို လက်တွေ့လုပ်ကိုင်ရာ၌ ကြုံတွေ့ရသည်များနှင့် နှိုင်းယှဉ်ဆောင်ရွက်ပြီး အမြဲမပြတ် ဆက်လက်လေ့လာနေရန် လိုကြောင်း။

**ရှင်းလင်းချပြခဲ့**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများ ပြန်လည်စစ်ဆေးခြင်း၊ မြေပြင်ကွင်းဆင်း၍ မဲလက်မှတ်များစစ်ဆေးခြင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များ၌ ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများအား အရေးယူနိုင်ရေးဆောင်ရွက်ခြင်း၊ ယခင်က စစ်ဆေးဆောင်ရွက်ခဲ့ခြင်း မရှိသည့် နိုင်ငံရေးပါတီများ၏ ပါတီရန်ပုံငွေ၊ ငွေကြေးနှင့်ပစ္စည်းများ၊ စာရင်းများအား စစ်ဆေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို ပြန်လည်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များကို ပြည်သူလူထုနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များကို ရှင်းလင်းချပြခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြသူများနှင့် မဲနှစ်ကြိမ် ပေးသူများကို အရေးယူနိုင်ရေး ဆောင်ရွက်ရာ၌လည်း ယနေ့အထိ အမှုပေါင်း ၁၇၃၂ မှုကို တရားစွဲဆိုဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဌာနဆိုင်ရာ အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အထိ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် Pilot Project ရေးဆွဲ ဆောင်ရွက်ခဲ့ကြောင်း၊ မြေပြင် လူဦးရေစာရင်းနှင့် တိုက်ဆိုင် စစ်ဆေးပြီးသည့် မြို့နယ်များ၏ စာရင်းများကို ကနဦး မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းစနစ် ( IVLS Software ) နှင့် ပြန်လည်စိစစ်ခဲ့ပြီး သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့နှင့် ထပ်မံညှိနှိုင်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများကို လစဉ် Update ဆောင်ရွက်လျက်ရှိကြောင်း။

**ဆောင်ရွက်နေပြီ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပမည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်များကို ဆောင်ရွက်နေ ပြီဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် တာဝန်ကျရာနေရာ၌ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို သိရှိအောင်လေ့လာပြီး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ လေ့လာစရာများကိုလည်း အမြဲလေ့လာ သင်ယူနေရန်လိုပြီး လုပ်ငန်း ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများ၊ ဌာနအတွက် အားကိုးရသူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မီဒီယာသည် လူအများ၏စိတ်ကို ဆွဲဆောင်စည်းရုံးနိုင်သည့်အတွက် မိမိတို့နိုင်ငံအနာဂတ် ပိုမိုတိုးတက်ကောင်းမွန်အောင် မီဒီယာနည်းလမ်းဖြင့် ကူညီနိုင်ရန် ကြိုးစားဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၅

မီဒီယာသည် လူအများ၏ စိတ်ကိုဆွဲဆောင်စည်းရုံးနိုင်သည့်အတွက် မိမိတို့နိုင်ငံ အနာဂတ် ပိုမိုတိုးတက်ကောင်းမွန်အောင် မီဒီယာနည်းလမ်းဖြင့် ကူညီနိုင်ရန် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

**ထည့်သွင်းပြောကြားခဲ့**

နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနစုပေါင်းခန်းမ၌ ယနေ့ကျင်းပသည့် မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မီဒီယာ၏အခန်းကဏ္ဍသည် ကျယ်ပြန့်ကြောင်း၊ နိုင်ငံ၏ပုံရိပ်ကိုတက်အောင်၊ ကျအောင် ပြုလုပ်နိုင်ကြောင်း၊ အနုပညာ၊ မီဒီယာနှင့်ကင်းကွာ၍ မရကြောင်း၊ မီဒီယာနှင့်ဆက်စပ်ပြီး ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့အောင် ထိုမှတစ်ဆင့် အသိပညာ၊ ဗဟုသုတတိုးပွားအောင် စိတ်ဝင်စားဖွယ် စီစဉ်တင်ဆက်ရမည်ဖြစ်ကြောင်း။

သတင်းတွင် အရုပ်အသံ၏အရည်အသွေးသည် သတင်း၏တန်ဖိုးကို ပိုမိုမြှင့်တင်ပေးနိုင်သည့်အတွက် သတင်းရေးသားမှုနှင့် ရိုက်ကူးတည်းဖြတ်မှုများသည် ချိတ်ဆက်နေကြောင်း၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းတွင်လည်း အရုပ်အသံအနေအထား မှန်ကန်ပြီး စနစ်တကျရှိရန်နှင့် ခေတ်နှင့်အညီ ဖန်တီးတင်ပြနိုင်မှုသည် မီဒီယာ၏ အခန်းကဏ္ဍတွင် အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း။

ယခုသင်တန်းသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတင်းမှတ်တမ်းအဖြစ် စနစ်တကျရိုက်ကူးတည်းဖြတ်နိုင်ရန်၊ အွန်လိုင်းမီဒီယာများတွင် သတင်းများကို စနစ်တကျရေးသားတင်ပြနိုင်ရန်၊ အခမ်းအနားများတွင် မှတ်တမ်းရိုက်ကူးရေးနှင့် ဗီဒီယိုများကို ခေတ်နှင့်အညီ ဖန်တီးနိုင်မှုစွမ်းရည်မြင့်တက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ဆွေးနွေးပို့ချမှုများကို လေးလေးနက်နက်ခံယူ၍ လုံ့လဝီရိယစိုက်ထုတ်ပြီး ကြိုးစားသင်ယူရမည်ဖြစ်ကြောင်း၊ မီဒီယာနည်းလမ်းဖြင့် မိမိတို့ဌာန၏ပုံရိပ်ကို မြှင့်တင်နိုင်ရန် တက်ရောက်လာသည့် သင်တန်းသားများက ဖော်ဆောင်ပေးရမည်ဖြစ်ပြီး သင်တန်းမှ ပို့ချပေးလိုက်သည့် မီဒီယာပညာရပ်များကို ပြန်လည်မျှဝေကြစေလိုကြောင်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါ မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁)ကို စက်တင်ဘာ ၅ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အရာထမ်း၊ အမှုထမ်း ၄၈ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် သတင်းများ၊ အစီအစဉ်များ၊ မှတ်တမ်းဗီဒီယိုများ စနစ်တကျရိုက်ကူးနိုင်ရေး၊ သတင်းများတည်းဖြတ်ခြင်း၊ Breaking News၊ Up Date News သတင်းခေါင်းစဉ်တည်းဖြတ်ခြင်း၊ သတင်းတန်ဖိုးနှင့် သတင်းရေးသားနည်း အခြေခံအချက်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ ထုတ်ပြန်ချက်

၁။ ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ် အစီရင်ခံစာ၏ နောက်ဆက်တွဲ စာရင်းတွင် ၂၀၁၈ ခုနှစ်မှ စတင်ဖော်ပြခဲ့သည်။ ယင်းစာရင်းမှ ပယ်ဖျက်ရေးအတွက် ပဋိပက္ခနှင့် စပ်လျဉ်းသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေညာချက်(Joint Communiqué)ကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ၇-၁၂-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၆-၃-၂၀၁၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် သန္နိဋ္ဌာန်ရှိသည်နှင့်အညီ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၃၁-၃-၂၀၂၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၂။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပြီး ယင်းသို့ရေးဆွဲရေးအတွက် အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၉)ကြိမ် ကျင်းပခဲ့သည်။ တတိယအကြိမ်နှင့် ပဉ္စမ အကြိမ် အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။ အမျိုးသားလုပ်ငန်းစီမံချက်ကို ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် အတည်ပြုခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၁၀၆ ပါအချက်များ၊ ပူးတွဲကြေညာချက်ပါ ဦးစားပေးများနှင့် အထူးကိုယ်စားလှယ်ထံမှ ပေးပို့သော သဘောထားမှတ်ချက်များကို သင့်လျော်သလို ထည့်သွင်းရေးဆွဲထားသည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၁၀-၁၁-၂၀၂၁ ရက်မှ ၁၀-၁၁-၂၀၂၂ ရက်အထိ စီမံချက်ကာလ တစ်နှစ်သတ်မှတ်ထားပြီး ဒုတိယသုံးလပတ်အတွက် အကောင်အထည်ဖော်လျက်ရှိသည်။

၃။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးသို့ ၅-၁၁-၂၀၂၁ ရက်တွင် ပေးပို့ခဲ့သည်။ ထို့ပြင် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ၄-၇-၂၀၂၂ ရက်တွင် အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့သည်။

၄။ သို့ရာတွင် ၂၉-၃-၂၀၂၂ ရက်၌ ထုတ်ပြန်ခဲ့သည့် ပဋိပက္ခနှင့် ဆက်စပ်သော လိင်အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၁ ခုနှစ် အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် မြန်မာနိုင်ငံကို ထပ်မံထည့်သွင်းခဲ့ကြောင်း စိတ်ပျက်ဖွယ်တွေ့ရှိရသည်။ ယင်းအစီရင်ခံစာဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေးကို ၁၃-၄-၂၀၂၂ ရက်၌ ကျင်းပခဲ့ကြောင်း တွေ့ရှိရသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် စွပ်စွဲမှုများပြုလုပ်ပါက ယင်းနိုင်ငံအစိုးရ၏ တုံ့ပြန်ချက်များကိုလည်း မျှတစွာထည့်သွင်းဖော်ပြရသည်မှာ အများလက်ခံထားသောမူဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရမည့်အစား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးသည် အစီရင်ခံစာပါစွပ်စွဲချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံနှင့် စိစစ်ရန် ပျက်ကွက်ခဲ့သည့်အပြင် အစီရင်ခံစာတွင် အစိုးရကပေးပို့ထားသော အချက်အလက်များကို ချန်လှပ်ခဲ့သည်။

၅။ အဆိုပါအစီရင်ခံစာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့က လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ကြောင်း သတင်းရရှိသည်ဟု သိမ်းကျုံးစွပ်စွဲထားသော်လည်း ဖြစ်စဉ်ဖြစ်ပွားခဲ့သော နေရာ၊ နေ့ရက်နှင့် အချိန် စသည်ဖြင့် စိစစ်နိုင်သော အချက်အလက်များ ပါဝင်ခြင်းမရှိပေ။ သို့ဖြစ်ရာ ယင်းအစီရင်ခံစာသည် ယုံကြည်လက်ခံနိုင်ဖွယ်မရှိကြောင်းနှင့် မြန်မာနိုင်ငံကို နိုင်ငံရေးအခြေခံဖြင့် သိက္ခာချရန် ပိုမိုရည်ရွယ်ကြောင်း သက်သေပြလျက်ရှိသည်။

၆။ တပ်မတော်သားများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အပါအဝင် ပြစ်မှုများမကျူးလွန်စေရန် အရပ်ဘက်ဥပဒေအပြင် စစ်ဘက်ဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရသည်။ ပြစ်မှုကျူးလွန်ကြောင်း ဖော်ထုတ်တွေ့ရှိပါကလည်း ပြင်းထန်ထိရောက်စွာ အရေးယူအပြစ်ပေးလျက်ရှိပြီး အဓမ္မပြုကျင့် လူသတ်မှုကျူးလွန်သူများကို အမြင့်ဆုံးပြစ်ဒဏ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့ရှိ ဖာခတ်ကျေးရွာတွင် တပ်မတော်သားတစ်ဦးမှ အမျိုးသမီးတစ်ဦးကို အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့သဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လုံးဝလက်မခံသည့် မူနှင့်အညီ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ စစ်ဆေးခဲ့ပြီးဖြစ်သည်။ ယင်းကိစ္စကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အများပြည်သူသို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၇။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တိုင်ကြားနိုင်ရန် ၂၉-၁၁-၂၀၁၆ ရက်မှစ၍ Helpline နံပါတ်များ သတ်မှတ်ထားရှိခဲ့ပြီး နစ်နာသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးလျက်ရှိသည်။ စနစ်တကျလေ့ကျင့်သင်ကြားပေးထားသည့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများသည် အကြမ်းဖက်ခံရသူများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လုံခြုံရေး၊ ကျန်းမာရေး၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းနှင့် စွမ်းဆောင်ရည် ပြန်လည်မြှင့်တင်ပေးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ညွှန်းပို့ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ၅-၁-၂၀၂၂ ရက်မှစ၍ ပြည်သူများ လက်လှမ်းမီတိုင်ကြားနိုင်ရေးအတွက် Viber နှင့် Helpline-DSW Facebook Page တို့ကဲ့သို့ အွန်လိုင်းဆက်သွယ်ရေးလမ်းကြောင်းများထားရှိ၍ ယင်းသို့ တိုင်ကြားနိုင်ကြောင်း သတင်းစာများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှ ပြည်သူများသို့ အသိပေးဆောင်ရွက်လျက်ရှိသည်။

၈။ ဖြစ်စဉ်အခြေအနေအရ သီးခြားလုံခြုံမှုပေးရမည့် လိင်ပိုင်းအကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (One Stop Women Support Center-OSWSC) များကို ပြည်နယ်နှင့် တိုင်းဒေသကြီး (၆)ခုတွင် ဖွင့်လှစ်ထားရှိပြီး လက်ခံစောင့်ရှောက်ကာကွယ်ပေးလျက်ရှိသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ရပ်များ ဖြေရှင်းပေးရာတွင် တရားရင်ဆိုင်နိုင်ရေး၊ ခရီးစရိတ်နှင့် ပြန်လည်ရပ်တည်ရေးအတွက် အကြမ်းဖက်ခံရသူများ၏ လိုအပ်ချက်အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ပံ့မှုစရိတ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

၉။ မြန်မာနိုင်ငံအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ရပ်များ တားဆီးကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများပူးပေါင်း၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာပါက ကျူးလွန်သူများအား လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိရေး မူဝါဒနှင့်အညီ အပြစ်ပေး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

# ကျားကျက်စားနယ်မြေ အပါအဝင်ဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းထားရှိ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus တွင် ကျင်းပပြုလုပ်သည့် 2nd International Tiger Conservation Forum သို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့်အတူ ပါဝင်တက်ရောက်သည်။



**လှည့်လည်ကြည့်ရှု**

အဆိုပါ 2nd International Tiger Conservation Forum သို့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး ဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ယဉ်ကျေးမှုကပွဲများဖြင့် စတင်ဖွင့်လှစ်၍ ကျားတံဆိပ်ခေါင်း အထိမ်းအမှတ် ထုတ်ဝေရေးအတွက် ပြည်ထောင်စုဝန်ကြီး လေးဦးက ရက်စွဲရိုက်နှိပ် လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖိုရမ်၏ မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကျားကျက်စားရာ ၁၄ နိုင်ငံ အနက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီး၊ မြန်မာနိုင်ငံမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်ရှိသည့် နိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျားကျက်စားနယ်မြေ အပါအဝင်ဖြစ်သည့် သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့ဖွဲ့စည်းထားရှိမှုများ၊ မြန်မာနိုင်ငံ၏ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း မှတ်တမ်းတင်ထားသော ကျားအရေအတွက်၊ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်ထူထောင်ခြင်း အစီအစဉ်အောက်မှ ရန်ပုံငွေသုံးစွဲမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ကျားကောင်ရေ ထိန်းသိမ်းရေးအတွက် ၂၀၂၀-၂၀၂၅ ခုနှစ် စီမံချက်ရေးဆွဲပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများ၊ ကမ္ဘာ့ကျားထိန်းသိမ်းရေး စီမံချက်ပါအတိုင်း မျှော်မှန်းရလဒ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ဆက်လက်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် ကျားထိန်းသိမ်းရေးနည်းလမ်းကောင်းများနှင့် ထိန်းသိမ်းခြင်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အရေးပါမှုခေါင်းစဉ်များဖြင့် ဆက်လက်ဆွေးနွေးခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Alexander Kozlov က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ ဖိုရမ်ကို ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# အချိုးကျကိုယ်စားပြုစနစ် Proportional Representation System ( PR ) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မြဝတီရုပ်မြင်သံကြားဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ပြောင်းလဲကျင့်သုံးနိုင်ရေး စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ် ဖြစ်ပါသည်။ အစီအစဉ်တွင် ပါဝင်ဆွေးနွေးရန် ဖိတ်ကြားထားသူမှာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဖြစ်ပါသည်။

အစီအစဉ်တင်ဆက်သူအဖြစ် ဦးကျော်ဆွေအောင်နှင့် ဒေါ်ဖြိုးထက်ထက်အောင်တို့က ဆောင်ရွက်ထားပါသည်။

**အစီအစဉ်တင်ဆက်သူ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သမ္မတ ရွေးကောက်ပွဲ** တွေ၊ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲတွေ၊ မြူနီစီပယ် ရွေးကောက်ပွဲတွေ၊ ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာရွေးကောက်ပွဲတွေကို ကျင်းပရာမှာ မိမိနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းအခြေအနေတို့အပေါ် မူတည်ပြီး ရွေးကောက်ပွဲစနစ်တွေကို ရွေးချယ်ကျင့်သုံးကြောင်း သိရှိရပါတယ်။

**ရွေးကောက်ပွဲစနစ်တစ်မျိုးတည်း ကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်ကို ရွေးကောက်ပွဲစနစ်တစ်မျိုးစီခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းမှာ ကိုယ်စားလှယ်အရေအတွက် ခွဲခြားပြီး ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့တဲ့ ရွေးကောက်ပွဲစနစ်တွေကို ပြန်လည်သုံးသပ်ပြီး ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်း စတဲ့မိမိနိုင်ငံအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ရွေးကောက်ပွဲစနစ်တွေကို ကျင့်သုံးဆောင်ရွက်လေ့ရှိကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံးတဲ့ရွေးကောက်ပွဲစနစ်များနဲ့ နိုင်ငံအရေအတွက် မည်မျှရှိကြောင်း ပထမဦးစွာ ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** ရွေးကောက်ပွဲ စနစ်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ အဆိုအရ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ် အုပ်စုလေးစုရှိပါတယ်။ ဗဟုအများစုကိုယ်စားပြုစနစ်အုပ်စု Plurality / Majority System၊ အချိုးကျကိုယ်စားပြုစနစ်အုပ်စု Proportional Representation System၊ ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် Mixed Member Proportional Representation နဲ့ အခြားစနစ်အုပ်စု Others System တို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ဗဟုအများစုကိုယ်စားပြုစနစ် အုပ်စုမှာ** မဲအများဆုံးရသူအနိုင်ရစနစ် (First Past The Post–FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System–TRS)၊ ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote–PBV) တို့ပါဝင်ကြောင်း သိရှိရပါတယ်။

**အချိုးကျကိုယ်စားပြုစနစ်အုပ်စုမှာ စာရင်း** အလိုက် အချိုးကျကိုယ်စားပြုစနစ် (List PR)နဲ့ လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote– STV) တို့ပါဝင်ကြောင်း သိရှိရပါတယ်။

ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် အုပ်စုမှာ ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation – MMP)နဲ့ ပူးတွဲယှဉ်ပြိုင်စနစ်(Parallel System) တို့ဖြစ်ကြောင်း သိရှိရပါတယ်။

အခြားစနစ်အုပ်စုမှာတော့ လွှဲပြောင်း၍မရသော တစ်မဲတည်းမဲပေးစနစ် (Single Non Transferable Vote – SNTV)၊ ကန့်သတ်မဲပေးစနစ် (Limited Vote – LV)နဲ့ ဦးစားပေးအချိုးကျစနစ် (Borda Count– BC) တို့ပါဝင်ပြီး နိုင်ငံအနည်းငယ်မှာ ကျင့်သုံးကြောင်း သိရှိရပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှာ ဗဟုအများစုစနစ်ကျင့်သုံးတဲ့ နိုင်ငံပေါင်း ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးတဲ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံနှင့် အခြားစနစ်များကျင့်သုံးတဲ့ နိုင်ငံ ၈ နိုင်ငံရှိကြောင်း သိရှိရပါတယ်။

**အစီအစဉ်တင်ဆက်သူ။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ရောကျင်းပခဲ့တဲ့ရွေးကောက်ပွဲတွေမှာ ဘယ်လိုရွေးကောက်ပွဲစနစ်ကျင့်သုံးခဲ့သလဲ၊ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေအပေါ်မှာ ဆရာ့အမြင်နဲ့ သုံးသပ်ပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပတဲ့ ပါလီမန်ခေတ်ရွေးကောက်ပွဲများ ၊ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ မဲအများဆုံးရသူ အနိုင်ရတဲ့စနစ် (First Past The Post–FPTP)စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ FPTP စနစ်ရဲ့ သဘောကတော့ မဲဆန္ဒနယ်တစ်ခုမှာ ဆန္ဒမဲအများဆုံးရရှိသူ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ ရွေးကောက်တင်မြှောက်တဲ့စနစ်ဖြစ်တဲ့အတွက် အနိုင်မရတဲ့ ကိုယ်စားလှယ်လောင်းများရတဲ့ မဲတွေအလဟဿ၊ အဟောသိကံဖြစ်ခြင်းနဲ့ ၎င်းတို့ကို ဆန္ဒမဲပေးခဲ့ကြတဲ့ မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ပျောက်ဆုံးတဲ့သဘောကို တွေ့ရှိရပါတယ်။

ဒါ့အပြင် အနိုင်ရပါတီတစ်ခုရရှိသောမဲနဲ့ ရရှိတဲ့ကိုယ်စားလှယ်နေရာမှာ အချိုးအစား ကွာဟမှုများစွာရှိနေတာကို တွေ့ရှိရပါတယ်။

FPTP စနစ်နဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တွေပေးတဲ့ မဲစုစုပေါင်းရဲ့ ၅၆ ဒသမ ၇ ရာခိုင်နှုန်းရရှိတဲ့ပါတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၈ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ အလားတူ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်တွေပေးတဲ့ မဲစုစုပေါင်းရဲ့ ၅၇ ဒသမ ၂ ရာခိုင်နှုန်းရရှိတဲ့ ပါတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၉ ရာခိုင်နှုန်း ရရှိခဲ့သည်ကို တွေ့ရှိရတဲ့အပြင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၀ ကျော်အနက် ၂၃ ပါတီသာ လွှတ်တော်မှာ နေရာရရှိခဲ့ပါတယ်။


လက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်မှာ မဲဆန္ဒရှင်တွေပေးလိုက်တဲ့ မဲတွေဟာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းအားလုံးထံသို့ ပျံ့နှံ့ရောက်ရှိသွားပေမယ့် မဲအများဆုံးရရှိတဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကသာ အနိုင်ရရှိခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❖










## ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် အနိုင်ရပါတီရရှိသည့် မဲရာခိုင်နှုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ရရှိမှုရာခိုင်နှုန်း

| စဉ် | ရွေးကောက်ပွဲ | အနိုင်ရပါတီ ရရှိသည့်မဲနှင့် ကိုယ်စားလှယ်နေရာ ရရှိမှု | | မှတ်ချက် |
|---|---|---|---|---|
| | | ရရှိသည့်မဲ ရာခိုင်နှုန်း | ကိုယ်စားလှယ် နေရာရရှိမှုရာခိုင်နှုန်း | |
| ၁ | ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ | ၅၆.၇ % | ၇၈.၅ % | |
| ၂ | ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ | ၅၇.၂ % | ၇၉ % | |

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေး နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မန္တလာတက္ကသိုလ်နှင့် ရန်ကုန်အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစတင်၍ စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ကာ ခရီးသွားလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကို ကျယ်ကျယ်ပြန့်ပြန့်သိရှိမြှင့်တင်နိုင်ရေး၊ လူမှုအသိုက်အဝန်းတွင် ခရီးသွားလုပ်ငန်း၏ အကျိုးသက်ရောက်မှုကို သိရှိနိုင်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများတွင် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို သိရှိစေရန်နှင့် လူငယ်များအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (World Tourism Organization–UNWTO)မှ သတ်မှတ်ထားသော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို မြန်မာနိုင်ငံတွင် ကျင်းပရာ၌ ဝန်ကြီးဌာနက အဆိုပါနေ့ အထိမ်းအမှတ်တစ်ခုအနေဖြင့် ယနေ့ကျပန်းစကားပြောပြိုင်ပွဲအား ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းအပြင် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပြည်သူလူထုများအထိ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုစေသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လုပ်ငန်းပေါင်းစုံအနေဖြင့် ဆင့်ပွားအကျိုးသက်ရောက်မှုရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေပြီး ဗဟုသုတများ တိုးပွားလာစေရန်လည်း ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပဆောင်ရွက်ခြင်းမှအပ နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများကို မြန်မာနိုင်ငံတွင် ခမ်းခမ်းနားနား ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း "ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" "Rethinking Tourism" ဆောင်ပုဒ် သတ်မှတ်ထားရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ပြန်လည်နိုးထဆောင်ရွက်ကြရန် တစ်ကမ္ဘာလုံးကို နှိုးဆော်လိုက်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုနှစ်အခမ်းအနားကို ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လှုပ်ရှားဆောင်ရွက်မှု အမျိုးအစားစုံလင်စွာဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာ့နိုင်ငံအသီးသီးက ခရီးသွားလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နေပြီ ဖြစ်သောကြောင့် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်နိုင်ရန် အားလုံးဝိုင်းဝန်း ကြံဆဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပခရီးသွားဈေးကွက်များ ပိုမိုရရှိရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ခရီးသွားလုပ်ငန်းအား အထူးအလေးထားပြီး အားလုံးအတွက် ခရီးသွားလုပ်ငန်းဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးတိုးတက်ရေး၊ Digital နည်းပညာ၊ Community Based Tourism၊ Inclusive Tourism၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ခရီးသွားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၏ ဆင့်ပွားအကျိုးသက်ရောက်မှု၊ ခရီးသွားလုပ်ငန်း၏ အခြေခံနယ်ပယ်များမှ တစ်ဆင့် ပြန်လည်နိုးထဖို့ စသောခေါင်းစဉ် ၁၀ ခုဖြင့် ယှဉ်ပြိုင်ကြသည်။ **သတင်းစဉ်**

---

## ၂၀၂၂ - ၂၀၂၃ ခုနှစ် စီမံကိန်းလုပ်ငန်းများ တာဝန်ပေးအပ်ပွဲကျင်းပ

**ဓနုဖြူ စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် စီမံကိန်းလုပ်ငန်းများ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အဆင့် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဝင်းနိုင်က ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးထုတ်လုပ်မှု အကြောင်းအရာများနှင့်ပတ်သက်၍ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ (နေကြာ)နှင့် နွေစပါးစိုက်ပျိုးရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများပူးပေါင်းကာ နည်းမှန်၊ စနစ်မှန်၊ မျိုးမှန်စွာစိုက်ပျိုးရန် လိုအပ်ကြောင်းပြောကြားပြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၃ အုပ်စုတွင် နေကြာစိုက်ဧက ၂၄၂၄ (သီးသန့်)ဧကလျာထားပြီး နွေစပါးစိုက်ဧက ၂၉၄၄၀ အား လျာထားချက်ပြည့်မီရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။


**မြို့နယ်(ပြန်/ဆက်)**


---

❖ စာမျက်နှာ ၁၀ မှ

အဆိုပါကိုယ်စားလှယ်လောင်းဟာ ၎င်းကို မဲမပေးခဲ့သူတွေအပါအဝင်ဖြစ်တဲ့ မဲဆန္ဒရှင်အားလုံး ၁၀၀% ကို ကိုယ်စားပြုသလိုဖြစ်ပြီး အခြားကိုယ်စားလှယ်များရရှိခဲ့တဲ့ မဲတွေက အလဟဿဖြစ်သွားတာတွေ့ရပါတယ်။ ဒီစနစ်အရ ဆောင်ရွက်ရာမှာ အချို့မဲဆန္ဒနယ်တွေဆိုရင် ပါတီတစ်ခုမှ ကိုယ်စားလှယ်လောင်းတွေဟာ မဲဆန္ဒရှင်အများစုရဲ့ ထောက်ခံမှုမရရှိခဲ့ပေမယ့် မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိသွားတဲ့သဘောကို တွေ့ရှိခဲ့ရပါတယ်။ ဥပမာအနေနဲ့ FPTP စနစ်ရဲ့ ဆန္ဒမဲရရှိမှု နမူနာပုံစံများကို ပြသလိုပါတယ်။

ဒီနမူနာတွေကို ကြည့်ခြင်းအားဖြင့် ၅၀ % နဲ့ ၅၀ % အောက်သာရရှိတဲ့ ကိုယ်စားလှယ်လောင်းများက မဲဆန္ဒနယ်တစ်ခုလုံးရဲ့ ကိုယ်စားပြုမှုရရှိတာဖြစ်လို့ အလဟဿ အဟောသိကံဖြစ်သွားတဲ့ ဆန္ဒမဲများစွာ ရှိနေတာတွေ့ရမှာ ဖြစ်ပါတယ်။ Total အချုပ်ဇယားကိုကြည့်ရင်လည်း ဆန္ဒမဲအားလုံးရဲ့ ၅၇ ရာခိုင်နှုန်း ကသာ တန်ဖိုးနဲ့ သက်ရောက်မှုရှိပြီး ကျန် ၄၃ ရာခိုင်နှုန်းက တန်ဖိုးနဲ့ သက်ရောက်မှုလုံးဝမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် FPTP စနစ်နဲ့ ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ မှန်ကန်မျှတတဲ့ ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ပါရဲ့လားလို့ မေးခွန်းထုတ်စရာ တွေ့ရှိရပါတယ်။




**အစီအစဉ်တင်ဆက်သူ။ FPTP စနစ်မှာ မဲဆန္ဒရှင်တွေရဲ့ ထောက်ခံဆန္ဒမဲတွေဟာ မျှတတဲ့ကိုယ်စားပြုမှုမရနိုင်တာကို တွေ့ရတဲ့အတွက် ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေတဲ့ အချိုးကျကိုယ်စားပြုစနစ် အကြောင်းကိုလည်း မဲဆန္ဒရှင်များ သိရှိသွားအောင် ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။** အချိုးကျ ကိုယ်စားပြုစနစ်ဆိုတာ တစ်ဦးထက်ပိုတဲ့ ကိုယ်စားလှယ်တွေ ရွေးဖို့အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်တယ်။ အဲဒီမဲဆန္ဒနယ်ကနေ ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါတယ်။ နိုင်ငံရေးပါတီသို့မဟုတ် တစ်သီးပုဂ္ဂလများရရှိတဲ့ ဆန္ဒမဲအရေအတွက်အပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်နေရာတွေကို အချိုးကျခွဲဝေရရှိနိုင်တဲ့ ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်ပါတယ်။ ဒီစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီးရရှိတဲ့ ဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်ပါတယ်။

မဲဆန္ဒရှင်တွေအနေနဲ့ သူတို့ပေးလိုက်တဲ့ မဲတွေဟာ ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် မဲပေးနှုန်း (Voter turnout) ကိုလည်း မြင့်မားစေပါတယ်။ PR စနစ်အသုံးပြုတဲ့အတွက် အဟောသိကံ၊ အလဟဿဖြစ်တဲ့ မဲအရေအတွက် နည်းပါးသွားမှာဖြစ်ပါတယ်။ PR စနစ်ကြောင့် ပါတီတွေ ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ တိုင်းရင်းသားပါတီများ၊ ပါတီငယ်များနဲ့ လူနည်းစုများ ပိုမိုရွေးကောက်ခံရနိုင်ခြင်းတို့ကြောင့် အများစုပါဝင်တဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥပဒေပြုအဖွဲ့များမှာလည်း ပါတီများက ကိုယ်စားလှယ်များ ပိုမိုပါဝင်လာခွင့် ရရှိလာမှာဖြစ်တယ်။

အချိုးကျကိုယ်စားပြုစနစ်များစွာရှိတဲ့အနက် လေ့လာတွေ့ရှိချက်များအရ အဓိကပုံစံ နှစ်မျိုးကို တွေ့ရှိရပါတယ်။ ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List PR System–LPR) နဲ့ လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote–STV) တို့ဖြစ်ပါတယ်။ (ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၈၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၀) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ သစ် (၉၅) ဦးအနက် (၅) ဦး၊ (၅.၃) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၉၀) ဦး၊ (၉၄.၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက် ဖြစ်ပွားသူ များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၈၅,၅၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၆၅၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၈၁၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၁) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာအသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၅.၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၉၀) ဦး | (၉၄.၇) % |
| **စုစုပေါင်း** | **(၉၅) ဦး** | **(၁၀၀) %** |

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာ တစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၆၂၆၃၃၇ | ၉၂၄၉၄၁၈၃ | ၁၀၇၂၉၄၆ |
| ၂။ | အိန္ဒိယ | ၄၄၄၆၂၄၄၅ | ၄၃၈၈၀၄၆၄ | ၅၂၈၀၀၇ |
| ၃။ | ပြင်သစ် | ၃၄၅၉၂၇၃၇ | ၃၄၀၇၉၈၁၆ | ၁၅၄၁၈၉ |
| ၄။ | ဘရာဇီး | ၃၄၅၁၇၇၇၀ | ၃၃၅၀၂၄၄၇ | ၆၈၄၄၂၇ |
| ၅။ | ဂျာမနီ | ၃၂၂၄၇၈၂၈ | ၃၁၄၄၇၈၀၀ | ၁၄၇၇၆၂ |
| ၆။ | တောင်ကိုရီးယား | ၂၃၆၀၆၇၄၀ | ၂၁၈၃၄၂၀၃ | ၂၇၁၄၉ |
| ၇။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၃၂၃၁ | ၁၈၈၂၄၂ |
| ၈။ | အီတလီ | ၂၁၉၃၈၂၆၉ | ၂၁၁၅၉၂၇၁ | ၁၇၅၈၃၂ |
| ၉။ | ရုရှား | ၁၉၇၇၁၁၁၃ | ၁၈၇၇၇၄၀၁ | ၃၈၄၇၈၇ |
| ၁၀။ | ဂျပန် | ၁၉၄၅၀၂၂၂ | ၁၇၇၇၉၅၃၄ | ၄၁၀၅၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၂၁၀၅၅ | ၁၀၂၃၂၂၈၁ | ၄၃၁၂၂ |
| ၂။ | အင်ဒိုနီးရှား | ၆၃၇၄၈၈၂ | ၆၁၇၇၅၂၅ | ၁၅၇၆၆၈ |
| ၃။ | မလေးရှား | ၄၇၉၁၄၅၆ | ၄၇၂၆၂၅၀ | ၃၆၂၄၅ |
| ၄။ | ထိုင်း | ၄၆၅၉၉၀၂ | ၄၆၁၂၀၆၂ | ၃၂၄၂၅ |
| ၅။ | ဖိလစ်ပိုင် | ၃၈၉၃၅၇၃ | ၃၈၀၇၀၁၈ | ၆၂၀၆၂ |
| ၆။ | စင်ကာပူ | ၁၈၄၆၀၉၄ | ၁၇၆၉၃၈၆ | ၁၅၉၄ |
| ၇။ | မြန်မာ | ၆၁၅၆၅၄ | ၅၉၃၈၁၆ | ၁၉၄၄၁ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၄၅၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၆၈ | ၁၃၄၅၀၇ | ၃၀၅၆ |

## လပွတ္တာမြို့နယ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

လပွတ္တာ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယနေ့နံနက် ၁၀ နာရီတွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းဖြင့် သက်န်းကြီးကျေးရွာအုပ်စုနှင့် သပြုကုန်းကျေးရွာအုပ်စုတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး ကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ ဒေသခံပြည်သူ ၁၂၀၀ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်ကြသည့် ဒေသခံပြည်သူများက တင်ပြသည့်အခက်အခဲများအား သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအခြေအနေ၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ဆောင်ရွက်ပေးမှုအခြေအနေနှင့် သက်န်းကြီးကျေးရွာ အ.လ.က စာသင်ကျောင်းတွင် ကျောင်းသား ကျောင်းသူများပညာသင်ကြားနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ဇ်ထရက်စ် ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ထမ်းဆောင်မည်



**လန်ဒန် စက်တင်ဘာ ၅**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ဇ်ထရက်စ်သည် လက်ရှိ အာဏာရကွန်ဆာဗေးတစ် ပါတီခေါင်းဆောင် ရွေးချယ်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်၏ နေရာတွင် အစားထိုးကာ နိုင်ငံ၏ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ဇ်ထရက်စ်သည် ၎င်း၏ ပြိုင်ဘက်ဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ရီရှီဆူနက်အား ကွန်ဆာဗေးတစ်ပါတီအဖွဲ့ဝင်များ၏ မဲပေးရွေးချယ်မှုတွင် မဲအရေအတွက် ၅၇ ဒသမ ၄ ရာခိုင်နှုန်းနီးပါးရရှိကာ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း ကွန်ဆာဗေးတစ်ပါတီမှ တာဝန်ရှိသူ ဂရေဟာမ်ဘရက်ဒီက စက်တင်ဘာ ၅ ရက်တွင် ကြေညာခဲ့သည်။

အရှုပ်တော်ပုံများနှင့် ရင်ဆိုင်နေရသော ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်အား ရာထူးမှနုတ်ထွက်ပေးရန် တွန်းအားပေးမှုများရှိခဲ့ပြီးနောက် တစ်လအကြာဖြစ်သည့် ဩဂုတ်လအစောပိုင်းတွင် ခေါင်းဆောင်သစ်အတွက် ကွန်ဆာဗေးတစ်ပါတီဝင် နှစ်သိန်းက မဲပေးမှုစတင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ရာထူးလွှဲပြောင်းပွဲအခမ်းအနားကို လစ်ဇ်ထရက်စ်နှင့် ဘောရစ်ဂျွန်ဆင်တို့ ဗြိတိန်ဘုရင်မကြီး အဲလီဇဘက်(၂)နှင့် တွေ့ဆုံပြီးနောက် စက်တင်ဘာ ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး လစ်ဇ်ထရက်စ်နှင့် ဘောရစ်ဂျွန်ဆင်တို့သည် အမှတ်(၁၀)ဒေါင်းနင်းလမ်းနေအိမ်ပြင်ပ၌ မိန့်ခွန်းအသီးသီး ပြောကြားမည်ဟု မျှော်လင့်ရသည်။

အသက် ၄၇ နှစ်အရွယ်ရှိ လစ်ဇ်ထရက်စ်သည် မာဂရက်သက်ချာနှင့် ထရီဆာမေတို့ပြီးနောက် ဗြိတိန်နိုင်ငံ၏ တတိယမြောက် အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။ လစ်ဇ်ထရက်စ်သည် ဘရက်ဆစ်အရေးနှင့် လူနေမှုစရိတ်မြင့်တက်မှုကို ကိုင်တွယ်ဖြေရှင်းရေးကဲ့သို့သော တာဝန်များကို ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**




# ကမ္ဘောဒီးယားနိုင်ငံက ရေဘေးသင့်ပါကစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ပေးအပ်

**ဖနောင်ပင် စက်တင်ဘာ ၅**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ရေဘေးသင့်ပါကစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချွမ်ဆောင်နရီက စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါလူသားချင်းစာနာထောက်ထားမှု အထောက်အပံ့သည် ပါကစ္စတန်နိုင်ငံအတွက် နိုင်ငံတကာသွေးစည်းညီညွတ်သောစိတ်ဓာတ်ကို ပြသခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချွမ်ဆောင်နရီက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ယခုတစ်ကြိမ်သည် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ပါကစ္စတန်နိုင်ငံသို့ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဒုတိယအကြိမ် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ပေးအပ်ခြင်းဖြစ်ပြီး အလားတူရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်အတွင်းကလည်း ပါကစ္စတန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပထမအကြိမ်အဖြစ် ပေးအပ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ပါကစ္စတန်အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ဇွန်လလယ်နောက်ပိုင်းမှစတင်ကာ ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူပေါင်း ၁၂၉၀ နှင့် ဒဏ်ရာရရှိသူပေါင်း ၁၂၅၈၈ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယဉ်ကျေးမှုအမွေအနှစ်များ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်

**ဆီရမ်ယိ စက်တင်ဘာ ၅**

ကမ္ဘောဒီးယားနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးကို အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ကမ္ဘောဒီးယားယဉ်ကျေးမှုဝန်ကြီး ဖုန်ရမ်ဆက်ကူနာက ပြောကြားသည်။

အရှေ့တောင်အာရှဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပူးပေါင်းဆောင်ရွက်သွားရမည်ဟု အာဆီယံနိုင်ငံများနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား သိရှိနားလည်ထားကြကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပြီးခဲ့သည့်နှစ်များအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အောင်မြင်တိုးတက်မှုများရရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်းမှ ကမ္ဘာ့ဈေးကွက်သို့ တရားမဝင်ရောက်ရှိသွားသည့် ယဉ်ကျေးမှုအမွေအနှစ်များမှာ များပြားသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ အစီအမံများ တိကျမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# တရုတ်နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု စတင်ကျင်းပ

**ဟီဖီ စက်တင်ဘာ ၅**

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုကို စက်တင်ဘာ ၅ ရက်က တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟီးပြည်နယ် ဟီဖီမြို့၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆိုက်ဘာ အသိပညာပေးလှုပ်ရှားမှုအား စက်တင်ဘာ ၁၁ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ပြပွဲများခင်းကျင်းပြသပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် မော်တော်ယာဉ်များ၏ လုံခြုံရေးစနစ်ကို ဆိုက်ဘာစနစ်ဖြင့် ကွန်ပျူတာဒေတာများအသုံးပြုပြီး ဆောင်ရွက်မှုကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုသီတင်းပတ်အတွင်း နည်းပညာပြပွဲကိုးခု ထပ်မံကျင်းပရေးစီစဉ်ထားပြီး ယင်းပြပွဲများတွင် ဆိုက်ဘာလုံခြုံရေးနည်းစနစ်များ၊ ညဏ်ရည်တုနည်းပညာများကို ပြသသွားမည်ဟု သိရသည်။

နိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးအသိပညာပေးလှုပ်ရှားမှုများကိုလည်း ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ နိုင်ငံအတွင်း ဇွန်လအထိ အင်တာနက်သုံးစွဲမှုရာခိုင်နှုန်းသည် ၇၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# တရုတ်နိုင်ငံ၌ ၆ ဒသမ ၈ မဂ္ဂနီကျူပြင်းအားရှိ ငလျင်လှုပ်ခတ်၊ ၂၁ ဦး သေဆုံး

**ချန်ဒူး စက်တင်ဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ်၌ စက်တင်ဘာ ၅ ရက်တွင် ၆ ဒသမ ၈ မဂ္ဂနီကျူပြင်းအားရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် အနည်းဆုံး ၂၁ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

သေဆုံးသူများအနက် ခုနစ်ဦးသည် ဂမ်ဇီတိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု လူဒင်ဒေသမှဖြစ်ပြီး ၁၄ ဦးသည် ယာအန်မြို့ ရှီမီအန်ဒေသမှဖြစ်ကြောင်း သိရသည်။

အဆိုပါမြေငလျင်သည် မြောက်လတ္တီတွဒ်၂၉ ဒသမ ၅၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၀၂ ဒသမ ၀၈ ဒီဂရီကို ဗဟိုပြုလျက် အနက် ၁၆ ကီလိုမီတာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ မြေငလျင် ကွန်ရက်စင်တာက ပြောကြားသည်။

ငလျင်ဗဟိုချက်မှ ၆၊ ကီလိုမီတာအတွင်း၌ ကျေးရွာပေါင်းများစွာရှိကြောင်း တရုတ်နိုင်ငံ မြေငလျင် ကွန်ရက်စင်တာက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**






## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော နေအိမ်များကို ကယ်ဆယ်ရေးဆောင်ရွက်



အင်းတော် စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ယနေ့နံနက် ၄ နာရီမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အင်းတော်ချောင်းရေလျှံရာမှ အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်တွင်းသို့ ရေများဝင်ရောက်လာသဖြင့် အင်းတော်မြို့နယ် မီးသတ်ဦးစီးမှူး ဦးလှမျိုးလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဝင်ရောက်သော နေအိမ်များအား ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ကြောင်း၊ အင်းတော်မြို့၏ မိုးရွာသွန်းမှုတိုင်းတာချက်အရ ၂ဒသမ ၄၃ လက်မဖြစ်ကြောင်း သိရသည်။ **အေးမြသက်ထား**

## ကျောင်းကုန်းမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကျောင်းကုန်း စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်များ ရှေ့နှင့်နောက် ရောင်ပြန် ပြားများ တပ်ဆင်ထားရှိရန် အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မြို့ထိပ်စစ်ဆေးရေးဂိတ်၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးဆောင်ရွက်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များတွင် ပြေးဆွဲလျက်ရှိသော အနေးယာဉ်များတွင် ရှေ့/ နောက်ရောင်ပြန်ပြားများကို တစ်ခါတည်း တပ်ဆင်ပေးခဲ့ခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေးကာလ ပြီးဆုံးပါက



အနေးယာဉ်များ၏ အရှေ့/အနောက်တွင် စတစ်ကာ စနစ်တကျကပ်ခြင်းကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန်ကြီးထောင့်မြို့နယ် စံပြကျေးရွာအနောက်စုကြီးတွင် အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်လှစ်

ကန်ကြီးထောင့် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီး ( စံပြ)ကျေးရွာတွင် အဆင့်မြင့်စက်ချုပ်သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှု သင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးလှမြင့်က သင်တန်းသား သင်တန်းသူများအား သင်တန်းပြီးဆုံးတတ်မြောက်ပါက ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအဆင့်မြင့်စက်ချုပ်သင်တန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မန္တလေးမြို့၌ စီအိုင်ဒီ ရဲမှူးဆိုပြီး အရပ်သားနှစ်ဦးအား မှားယွင်းသတ်ဖြတ်”** ခေါင်းစဉ်ဖြင့် ၇-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒလန်အကြောင်းပြ ဓားပြတိုက်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ရာ ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကိုကို Message ပေးပို့ပါဝင်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး တင်မောင်လွင် ဦးစီးအဖွဲ့၊ ဗိုလ်တထောင်မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်လွင်ဦးစီးအဖွဲ့၊ ရွှေဘုန်းပွင့်စေတီတော်လုံခြုံရေးအဖွဲ့တို့ ပူးပေါင်း၍ စုစုပေါင်းအင်အား ၅၀ ခန့်ဖြင့် စက်တင်ဘာ ၁ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဦးရွှေဂွန်းလမ်းရှိ ရွှေဘုန်းပွင့်စေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ၂၂၂

------------------------



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုနယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်နေမျိုး ဦးစီးသော တပ်ဖွဲ့ဝင် ၁၂ ဦးတို့က ကော့စိန်ဘန်အောက် ကျေးရွာအုပ်စု ရွှေပြည်တောင်ကျေးရွာရှိ အပါယ်ပိတ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၃ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ထိန်လင်းအောင်(ပြန်/ဆက်)

------------------------



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲမှူးသန်းလွင်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၅၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ရဲအုပ်သိန်းထွန်းကျော်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၄ ရက်တွင် မြို့မရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

------------------------



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့တပ်ခွဲ ၁၃ တပ်စု ၂ မလွှကုန်းမှ တပ်စုမှူး ရဲအုပ်အောင်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့မီးရထား မလွှကုန်းဆေးပေးခန်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကျော်စိုးမိုး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၂၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၀ | ၂၄၇၅ | ၂၄၅၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၂၅ | ၃၁၆၀ |
| 95 Ron | ၂၅၃၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၀ | ၂၅၈၅ | ၂၅၆၅ | ၂၆၆၀ | ၂၆၇၅ | ၂၅၇၀ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၃၅ | ၃၂၂၀ |
| HSD (500 ppm) | ၃၁၁၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၅၅ | ၃၁၈၀ | ၃၁၇၅ | ၃၁၄၀ | ၃၂၅၅ | ၃၂၅၀ | ၃၁၅၀ | ၃၁၆၀ | ၃၁၉၀ | ၃၁၉၀ | ၃၁၉၅ | ၃၄၁၅ | ၃၈၈၀ |
| HSD (50 ppm) | ၃၁၉၅ | ၃၂၄၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၄၀ | ၃၂၆၅ | ၃၂၆၀ | ၃၂၂၅ | ၃၃၄၀ | ၃၃၃၅ | ၃၂၃၅ | ၃၂၄၅ | ၃၂၇၅ | ၃၂၇၅ | ၃၂၈၀ | ၃၅၀၀ | ၃၉၁၅ |
| HSD (10 ppm) | ၃၁၉၅ | ၃၂၄၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၄၀ | ၃၂၆၅ | ၃၂၆၀ | ၃၂၂၅ | ၃၃၄၀ | ၃၃၃၅ | ၃၂၃၅ | ၃၂၄၅ | ၃၂၇၅ | ၃၂၇၅ | ၃၂၈၀ | ၃၅၀၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၁၃ | ၂၃၉၃ |
| 95 Ron | ၂၄၂၀ | ၂၅၀၂ |
| HSD (500 ppm) | ၂၉၈၂ | ၃၀၇၁ |
| HSD (50 ppm) | ၃၀၆၂ | ၃၁၅၃ |
| HSD (10 ppm) | ၃၀၆၂ | ၃၁၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လောက်ကိုင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

လောက်ကိုင် စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမဆောင်၌ ကျင်းပခဲ့သည်။

**ဖွင့်လှစ်ပို့ချ**

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရန်မီးသတ်တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။





အဆိုပါ သင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၃၀ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

မအူပင် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁ /၂၀၂၂)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မအူပင် ခရိုင် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးကိုကိုဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်း၌ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားကြုံတွေ့ရလေ့ရှိသော မီးဘေးအပါအဝင် အခြားသောဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ အခြေခံကြိုးချည်နည်းများ၊ ကြိုးဖြင့်အသက်ကယ်နည်းစနစ်များ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းနည်းစနစ်များ၊ ရေတွင်းသက်ကယ်နည်းစနစ်များ၊ အသက်ရှူကိရိယာအသုံးပြုခြင်းနည်းစနစ်များ၊ Hydraulic သုံးပစ္စည်းများအသုံးပြုခြင်းနည်းစနစ်များအား ကျွမ်းကျင်နည်းပြများဖြင့် စာတွေ့၊ လက်တွေ့စနစ်တကျလေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီအခြေခံရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုအား ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုခဲ့ကြသည်။

သင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ မအူပင်ခရိုင်အတွင်းရှိ အရန်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းသင်တန်းသား ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် အသိပညာပေး

ဟင်္သာတ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဈေးဆိုင်များတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရနေ့အဖြစ်သတ်မှတ်ဆောင်ရွက်ရာ ယမန်နေ့နံနက် ၈ နာရီက ပဒေသာဈေးနှင့် ငွေဝင်းဈေးအတွင်း၊ အပြင်ရှိ ဆိုင်ခန်းများ၊ ဈေးရောင်း၊ ဈေးဝယ်လာပြည်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် “ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကို ရှောင်ကြဉ်စို့”ဆောင်ပုဒ်နှင့်အညီ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို အသား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များ၊ အသုံးအဆောင်ပစ္စည်းများအား ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူများဖြင့် အစားထိုးရောင်းချရေး၊ ပလတ်စတစ်သုံးစွဲခြင်းကြောင့် ရရှိနိုင်သည့်ဆိုးကျိုးများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဈေးကော်မတီများပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုဇော်(ဟင်္သာတ)



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ”ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၅

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

Myanmar Red Cross Society
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်။

“ရှေးဦးပြုစုအတတ်ပညာ ဘဝတစ်သက်တာသင်ယူပါ”
Lifelong First Aid Learning

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၅

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် စက်တင်ဘာ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## သာစည်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၂)ဖွင့်

သာစည် စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာန အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၂) ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန၌ပြုလုပ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်က သင်တန်းသားများအတွက် ဝတ်စုံများ ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။ ထို့နောက် သင်တန်းတွင်အသုံးပြုရန် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းနည်းပြ ငါးဦးတို့က မီးငြိမ်းသတ်ရေး မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်တွင် အခြေခံကြိုးချည်နည်းများ၊ အသက်ရှူကိရိယာအသုံးပြုနည်း၊ Tripod အသုံးပြု၍ ရေတွင်း အသက်ကယ်နည်းပညာများ၊ ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအသုံးပြု၍ ကယ်ဆယ်ခြင်းနည်းစနစ်များကို ရက်သတ္တလေးပတ်ကြာ စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလောမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

ကလော စက်တင်ဘာ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၅) စက်မှုလယ်ယာစခန်း(အောင်ပန်း)မှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၂/၂၀၂၂)ကို ယနေ့ နံနက် ၁၀ နာရီခွဲက မြင်းမထိကျေးရွာအုပ်စု နန်းအွန်ကျေးရွာ မြင်းမထိဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းတွင် ရှမ်းပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်က အဖွင့်အမှာစကားပြောကြားပြီး ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက အမှာစကားပြောကြားသည်။ ယင်းနောက် အမှတ်(၆၅) စက်မှုလယ်ယာစခန်း(အောင်ပန်း)မှ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဦးဘဝင်းက သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၁၆ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အေးခိုင်(ကလော)**



## ငပုတောမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း ကွင်းဆင်းစစ်ဆေး

ငပုတော စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ငပုတောစည်ပင်သာယာရေးကော်မတီမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြရွှေဝါလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၈၄ ဒသမ ၄၀ သန်း၊ ဓမ္မရိပ်သာလမ်း ကွန်ကရစ်ခင်းခြင်း ၁၁၁ ဒသမ ၇၀ သန်း၊ စဉ့်အိုးဖိုလမ်း ကွန်ကရစ်ခင်းခြင်း ၁၆၄ ဒသမ ၅၀ သန်း၊ အင်ကြင်းမြိုင်လမ်း ကွန်ကရစ်ခင်းခြင်း ၁၆၄ ဒသမ ၃၀ သန်း၊ မေတ္တာလမ်း ကွန်ကရစ်ခင်းခြင်း ၁၄၈ ဒသမ ၂၀ သန်း၊ အနော်ရထာလမ်း Box Culvert ပြုလုပ်ခြင်း ၁၃ ဒသမ ၅၀ သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်နိုင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေကြည်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

ရေကြည် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းလျှင် အသက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်သည်ဟု ရေးသားထားသော အသိပညာပေးမြေစိုက်ဆိုင်းဘုတ် စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ရေကြည်မြို့နယ်အတွင်း လူစည်ကားရာ နေရာများတွင် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းထွန်းနိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးညွန့်အောင်တို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အများပြည်သူသွားလာရာ မြို့အဝင်/ထွက် စစ်ဆေးရေးဂိတ်နှင့် လူစည်ကားရာ နေရာများတွင် ယာဉ်အန္တရာယ်ကင်းစေရန် ဆိုင်ကယ်စီး ဦးထုပ်များ စနစ်တကျဆောင်း၍ စီးနင်းစေခြင်း၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပါ/မပါ စစ်ဆေးပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အသိပညာပေးဟောပြောကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အရေးကြီးသော အချက်ကြီးများ

ပီမိုးနှင်း

အသင်၏ကြီးပွားရေးအတွက် အကောင်းဆုံးသောလက်နက်သည် အသင်၏အတွေးစိတ်ဖြစ်၏။ မလုပ်မိရှေ့အဖို့ တွေးရသည် မဟုတ်ပါလော။ အတွေးသည်အသိညဏ်တည်းဟူသော မီး၏အလင်းဖြစ်၏။ အသိညဏ်ရှိသမျှ မရှုံးသွပ်သမျှ ဆင်းရဲအောက်ကျစွာ နေရဖို့အကြောင်းမရှိပေ။ အသင်သည် ဤဘဝမှာသာ လူဖြစ်သည်မဟုတ်။ အတိတ်ဘဝတွေ မရေမတွက်နိုင်အောင်ရှိခဲ့၏။ အတိတ်ကံတွေလည်း မရေမတွက်နိုင်။

အသင်သည် ဘုန်းတန်ခိုးကြီးခဲ့သောဘဝပေါင်း မရေမတွက်နိုင်အောင်ရခဲ့၏။ ကောင်းမှုကုသိုလ်ကံတွေကို သဲလုံးနှင့်အမျှ ပြုခဲ့၏။ ကိုယ်တိုင်ပေါ့လျော့ညည်းဖျင်းမှုသာ ထိုကောင်းမှုကုသိုလ်တို့၏ အသီးအပွင့်ကို မခံစားရဘဲနေရပေမည်။ အသိညဏ်နှင့် ဆင်ခြင်တုံတရားရှိ၍ ကိုယ်ကျင့်တရားကောင်းက ထိုကုသိုလ်တို့၏ အကျိုးစီးပွားကို မိုးရေခံသလို ခံယူရလိမ့်မည်။

မစဉ်းစား ထင်ရာကိုလုပ်၍နေလျှင်ကား အသင်၏အတိတ်ကံတို့သည် ဝမ်းနည်းစွာ မျက်နှာငယ်လျက် အသင့်ကို ရှောင်ရှား၍ မျက်ရည်ပေါက်ကြီးငယ်နှင့် သင့်အား မျက်နှာလွှဲပြီးနေကြရပေမှာပဲ။

သည်အလုပ်ကို စဉ်းစားပါရစေဦးဟုပြောသည့်အခါ အသင်သည် စဉ်းစားညဏ်တည်းဟူသော တိုက်ခန်း၌ ထိုအလုပ်ကိုစ၍လုပ်ခြင်း ဖြစ်လေသည်။ ထိုအလုပ်ကို သေသေချာချာလုပ်မှသာ တကယ့်ကိုယ်ထိလက်ရောက် အလုပ်မှာ ရေရာနိုင်လေသည်။

စဉ်းစား စဉ်းစား စဉ်း၍စား၊ စဉ်းခြင်းကား အနုစိတ်ခြင်းပေတည်း။ စားခြင်းကား-မဟုတ်၊ စဉ်းစား-ဟု မှတ်ရမည်။

စဉ်းစားခြင်းသည် အကြီးဆုံးသော တန်ခိုးသတ္တိဖြစ်၏။ ထိုတန်ခိုးကို သေချာစွာ စဉ်းစားခြင်းဖြင့်သာ တိုး၍ကြီးအောင် ပြုလုပ်နိုင်လေသည်။ အသင်လောက်မှ အခြေခံမရှိသူများစွာတို့သည် စဉ်းစားညဏ်လက်နက်ဖြင့် ကြီးမြင့်ခဲ့ကြလေပြီ။ အသင်ကား အဘယ်အတွက် မကြီးမမြင့် မအောင်မမြင် ဖြစ်ရပါသနည်း။

စဉ်းစားခြင်း၏ တန်ခိုးသတ္တိကို အသင်ရနိုင်၏။ ထိုတန်ခိုးသည် ရနည်းကား စဉ်းစားဆင်ခြင်ခြင်း၏ အလေ့ပင် ဖြစ်၏။ ထိုတန်ခိုးကို ရသောအခါ၌ အဘယ်မျှ အကျိုးကြီးသည်ကို သိရပါလိမ့်မည်။ ထိုတန်ခိုးကိုရ၍ နေ့ရာတကျ အသုံးပြုတတ်သောအခါ၌ ကြီးပွားရာလမ်းတွေကို ရတွေ့၍မကုန်နိုင်အောင် တွေ့ရပါလိမ့်မည်။

ကိုယ်ပိုင်သတ္တိဖြင့် ကြီးပွားအောင်မြင်သူတို့ကို သေချာစွာအကဲခတ်က ထိုတန်ခိုး၏အရိပ်အရောင်တို့ကို တွေ့မြင်ရလိမ့်မည်။ ထိုသတ္တိတန်ခိုးကြီးလေ ကိုယ်ကျင့်တရားကောင်းလေလေ ကြီးမြင့်လေလေ မှတ်ရမည်။

ကိုယ်ကျင့်တရားဆိုသည်ကား ကြီးပွားခြင်းနှင့် ဖီလာပျင်းသောအကျင့်များ ရှောင်ခြင်းပေတည်း။ ထိုတန်ခိုးကို နေရာတကျ သုံးဖို့သာလိုလေသည်။ နေရာတကျသုံးခြင်းကား အခြားမဟုတ်။ တစ်စုံတစ်ရာကို ဖြစ်မြောက်စေနိုင်သည့် နည်းလမ်းကို ဆိုလိုခြင်းဖြစ်လေသည်။ အချိန်နှင့် စိတ်အား၊ ဉာဏ်အားကို ဆုတ်ယုတ်ပျက်စီးစေသော အကျင့်များကို ရှောင်ရမည်။

အသင်၏ကြီးပွားခြင်းလမ်းကို အသင်ကိုယ်တိုင်မှတစ်ပါး အခြားမည်သူမျှ ပိတ်ပင်တားဆီးခြင်း မပြုနိုင်၊ အသင်အဘယ်အထိ ကြီးမြင့်မည်ဟူသော အချက်ကို အသင်သာ ဆုံးဖြတ်ရမည်။

**အောင်မြင်ခြင်းအသက်**

အရာရာကိုသိရမည်။ တစ်ခုခု၌ ချွန်ရမည်။ လောက၌ မိမိရောက်လိုသော အခြေအနေကို ပြဋ္ဌာန်းကာ ထိုအခြေအနေကို ရောက်အောင် အားသွန်ကြိုးစားရမည်။ ယခု အသင်လုပ်၍နေသော အလုပ်၌ အသင်ကျေနပ်ပါ၏လား။ မကျေနပ်လျှင် အသင်အဘယ်ကိုကြံစည်သလဲ။ ယခုအလုပ်သည် အသင်၏စိတ်နေသဘောထားပုံ၊ အသင်၏အရည်အချင်းရှိပုံနှင့် အပ်စပ်ပါ၏လား။ မအပ်စပ်လျှင် အဘယ်အလုပ်အပ်စပ်သည်ဟု သိပါ၏လား၊ ရောက်လိုသောအခြေအနေကို ထင်မြင်၍ ထိုအခြေအနေကိုရောက်အောင် စူးစိုက်သောစိတ်နှင့် ဖွဲ့ဖွဲ့လမ်းလမ်း အစဉ်တစိုက် ကြိုးစားရမည်။ စူးစိုက်သော သမာဓိစိတ်၏လေ့ကျင့်ခန်းကို ရစေရမည်။ သို့မှသာ အခက်အခဲ အရှုပ်အထွေးများကို လျင်မြန်စွာ ရှင်းနိုင်လေသည်။

လူ၏စိတ်ကိုသိအောင် ကြိုးစားရမည်။ လူများကို ဩဇာပေးတတ်ရမည်။ မိမိနှင့်ဆိုင်သောအလုပ်ကို ရွေးချယ်ကာ အဘယ်မျှလောက်ကြာလျှင် အဘယ်အခြေအနေ အဆင့်အတန်းကိုရောက်အောင် ကြိုးစားရမည်ဟူသောစိတ်တစ်ခုကို ထားရမည်။ အကြံကိုမြင့်နိုင်သမျှ မြင့်မြင့်ကြံရမည်။ စကားချေငံရမည်။ ယဉ်ကျေးဖွယ်ရာရှိရမည်။ လူမရိသတ်ထဲကို ဝင်ရဲရမည်။ အပေါင်းအသင်းကောင်းရမည်။ တစ်ကိုယ်တည်း ကိုယ့်မာန၊ ကိုယ့်ပညာ အတတ်ကလေးတစ်ခုခုနှင့် တက်ကြွ၍ မနေရ၊ လူကို မကြောက်ရပေ။

**ငွေရှာနည်းနှင့် စုဆောင်းနည်း**

ငွေသည် တန်ခိုးဖြစ်၏။ ငွေမှငွေထွက်၏။ ငွေသည် ငွေကိုမွေး၏။ ကြက်ငှက်သည် ကြက်ငှက်ပေါက်ပွားသလို ငွေမှ ငွေပေါက်ပွား၏။ ထိုငွေကို လိမ္မာစွာအသုံးချလျှင် ငွေပွား၏။ ငွေကိုသုံးဖို့ဟု သဘောမထားရ၊ အသုံးချဖို့ ခိုင်းဖို့ဟု သဘောထားရမည်။ ငွေသည် စိတ်ချလုံခြုံခြင်းကို ဖြစ်စေ၏။ ငွေရှိက လောက၌ အကောင်းဟူသမျှကိုရနိုင်၏။ တန်ခိုးအရှိန်အဝါသည် အလိုလိုရောက်၍လာ၏။ အပြစ်ဟူသမျှ ပပျောက်၏။ လူဆိုးသည် ငွေကြောင့် လူကောင်းဖြစ်နိုင်၏။ ထိုမျှလောက် တန်ခိုးကြီးသောငွေကို အလွဲသုံးဖြုန်းသူထက် ပိုမိုမိုက်မှားသူ မရှိပေ။

ငွေကို အနည်းငယ်မျှ မည်သူမဆို ရနိုင်၏။ ရလျှင်ရချင်း နည်းများမဆို ပွားအောင် တစ်ခုခုကို လုပ်ရမည်။ ရလျှင်ရချင်း ရုပ်ရှင်ကိုပြေးမည်၊ ဦးထုပ်ဝယ်မည်၊ ဖိနပ်ဝယ်မည်ဟုကြံလျှင် ငွေအပွားနှောင့်နှေးဖို့သာရှိ၏။ အရင်းမရှိ၍ အလုပ်မလုပ်ရဟူသော စကားသည် မဟုတ်စကားဖြစ်၏။ အရင်းငွေကို တစ်ကြိမ်တစ်ခါမျှ မရဘဲမနေနိုင်။ ငွေတစ်ကျပ်လျှင် တစ်မတ်အမြတ်ရနိုင်လေသည်။

လခစားဖြစ်လျှင် လခကို စုဆောင်းနိုင်၏။ အလုပ်ကောင်းခြင်းကြောင့် တိုးတက်နိုင်၏။ ဝါသနာပါသော အရောင်းအဝယ်အလုပ်တစ်ခုခုကို လုပ်နိုင်၏။ ရသောလခဖြင့် တိုးတက်ကြီးမြင့်သော အလုပ်တစ်ခုခုအတွက် ပညာကိုသင်နိုင်လေသည်။

လခအတိုးကို စောင့်မနေရ၊ တိုး၍ရအောင် အလုပ်၏ ထူးခြားကောင်းမွန်ခြင်းကို ပြရမည်။ အလုပ်ကို ကောင်းနိုင်သမျှ ကောင်းအောင်လုပ်လျှင် အမှန်အကျိုးခံစားရ၏။ ငွေမှသာ အကျိုးမဟုတ်၊ ငွေကဲ့သို့ အဖိုးတန်၍ ငွေရလမ်းကိုဖြစ်စေသော အကျိုးစီးပွားတွေ အမျိုးမျိုးရှိကြလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**စိတ်စေတနာကောင်းပါစေ**

"ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ် ကြံစည်သူ၏ နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခ အစဉ်လိုက်လေသည်။"

**(ဓမ္မပဒ၊ ယမကဝဂ်၊ စာပိုဒ်-၂)**


ကြီးပွားချမ်းသာမှုကို လူတိုင်းလူတိုင်းက လိုလားတောင့်တကြသည်။ ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာရေးနည်းလမ်းများကိုလည်း လူတိုင်းကအစဉ်သဖြင့်ရှာဖွေနေကြသည်။ အောင်မြင်ကြီးပွားချမ်းသာရေး နည်းလမ်းများစွာရှိနေသော်လည်း လူတိုင်းအောင်မြင်ကြီးပွားချမ်းသာမှုမရရှိနိုင်ကြသည်ကို သိထားရန်လိုသည်။

သို့သော် အောင်မြင်ကြီးပွားချမ်းသာသူတိုင်းကဖြင့် အောင်မြင်ကြီးပွားရေးနည်းလမ်းများကို သိရှိကြပြီး ကျားကုတ်ကျားခဲ ကြိုးစားခဲ့ကြသူများသာဖြစ်သည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် စိတ်စေတနာကောင်းများစွာထားရှိပြီး ကြိုးစားကြရမည်လည်းဖြစ်သည်။ အောင်မြင်ကြီးပွားချမ်းသာမှုရရှိလိုသည့် စိတ်တန်ခိုးထက်သန်မှု အတိမ်အနက်ပေါ်တွင် များစွာတည်မှီနေပေရာ စိတ်၏ဦးဆောင်မှုဖြင့် စိတ်ကောင်းစေတနာကြီးကြီးမားမားရှိရန် အထူးလိုအပ်သည်။ ထက်သန်သည့်စိတ်တန်ခိုးကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်ကြီးပွားချမ်းသာနိုင်ရေးအတွက် လုပ်ဆောင်မှုအမျိုးမျိုးရှိသော်လည်း အလွယ်ဆုံးနှင့်အထိရောက်ဆုံးနည်းလမ်း(၁၀) ချက်ကားရှိနှင့်ပြီးဖြစ်သည်။

ထိုနည်းလမ်းများကို ဓမ္မ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အခြေခံအရင်းတည်ကာ ကျင့်ကြံအားထုတ်နိုင်ရန်သာလိုသည်။ အဆိုပါအောင်မြင်ရေးနည်းနာတို့မှ နံပါတ်လေးအချက်ဖြစ်သော "စိတ်စေတနာ ကောင်းပါစေ"ဟူသည်ကား မိမိ၏စိတ်ကို မိမိဘာသာသုံးသပ်ကွပ်ကဲကာ စိတ်ရင်းစေတနာကောင်း ထားရှိလုပ်ဆောင်ရမည့်နည်းလမ်းပင်ဖြစ်သည်။

စေတနာသည် "ဆား"ကဲ့သို့ဖြစ်သည်။ စေတနာမပါလျှင် ဆားမပါသည့်ဟင်းပမာ ပေါ့ပျက်ပျက်ရှိတတ်သည်။ စေတနာပါသည့်အပြုအမူနှင့် စေတနာမပါသည့်အပြုအမူသည် တိတိကျကျ တိုင်းတာဖော်ပြနိုင်သည့် ကိရိယာမရှိသည့်တိုင် လူတကာက ခွဲခြားနိုင်အောင် သိသာထင်ရှားလှပါသည်။



အောင်မြင်ကြီးပွားလိုသူတိုင်းသည် စေတနာကောင်းကြောင်း၊ စေတနာထက်သန်ကြောင်း၊ မိမိကျင့်လည်ရာဝန်းကျင်တွင် လက်တွေ့ပြသနိုင်ရပေမည်။ စေတနာအပြုအမူ၊ စေတနာအပြောအဆို၊ စေတနာ အကြံအစည်၊ စေတနာအတွေးအခေါ်များက မိမိဝန်းကျင်မှသူများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ဆွဲဆောင်စေနိုင်သည်။ စိတ်ရင်းစေတနာကောင်းပါရှိရန် မဖြစ်မနေလိုအပ်မည်သာဖြစ်သည်။

သို့ဖြစ်၍ ကျောင်းသားကျောင်းသူဖြစ်ဖြစ်၊ ဝန်ထမ်းဖြစ်ဖြစ်၊ မိသားစုဝင်အချင်းချင်းဖြစ်ဖြစ် စိတ်ဓာတ်အရာ၊ စည်းကမ်းအရာ၊ စေတနာအရာတို့တွင် စံနမူနာပြဖြစ်ကြရန်လိုအပ်သည်။

အဆိုပါအချက်တို့သည် စွမ်းရည်မြင့်မားစေလေ့ရှိသည်။ စေတနာဟူသည် လုပ်ချင်ကိုင်ချင်စိတ်၊ လုံ့လဝီရိယနှင့် ဆန္ဒထက်သန်မှုတို့ကို မွေးမြူပြီး လက်တွေ့လုပ်ဆောင်ရန်ဖြစ်သည်။ ပညာဟူသည်ကား ကျွမ်းကျင်မှု၊ တတ်မြောက်မှု၊ လုပ်တတ်ကိုင်တတ်ရှိခြင်း၊ နည်းနာအတွေ့အကြုံတို့ဖြစ်ပြီး ယင်းတို့ကို ပေါင်းစပ်ကာ စိတ်ကောင်းစေတနာကောင်းများဖြင့် လုပ်ဆောင်နိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှု လမ်းစကိုရရှိနိုင်ပေသည်။

ကျောင်းသား ကျောင်းသူ၊ ဝန်ထမ်း၊ မိသားစုဝင်စသည်ဖြင့် မည်သည့်ဝန်းကျင်ဖြစ်စေ လုပ်ချင်ကိုင်ချင်စိတ်ရှိသူ၊ တာဝန်ယူစိတ်ရှိသူ၊ လုပ်တတ်ကိုင်တတ်သူတို့ဖြစ်ပါက နေရာပေးကာ ဆက်ဆံခံရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဖြစ်လျှင် ကျောင်းသားအချင်းချင်းနှင့် ဆရာ ဆရာမတို့၏ လေးစားတန်ဖိုးထားခံရခြင်း၊ ဝန်ထမ်းဖြစ်လျှင် တာဝန်ခံအရာရှိ၊ အကြီးအကဲ၊ ခေါင်းဆောင်နေရာစသည်ဖြင့် တာဝန်ပေးအပ်ခံရခြင်း၊ မိသားစုဝင်ဖြစ်လျှင်လည်း မိဘညီအစ်ကိုမောင်နှမများ၏ ယုံကြည်လေးစား၊ အားကိုးတန်ဖိုးထား ခံရခြင်းမျိုးတို့ကိုရရှိမည်ဖြစ်သည်။

ထိုကဲ့သို့ စိတ်စေတနာကောင်းများကို မွေးမြူလုပ်ဆောင်နိုင်ခြင်းအားဖြင့် ပင်ကိုအရည်အသွေး၊ လုပ်ငန်းအရည်အသွေး၊ ဆက်ဆံမှုအရည်အသွေးတို့ ထက်မြက်မြင့်မားလာပေမည်။ အရည်အသွေးလည်း မြင့်မား၊ စိတ်ဓာတ်ကလည်းမြင့်မြတ်ဖြူစင်၊ စည်းကမ်းရှိရှိနှင့်တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် နေထိုင်ဆက်ဆံမှု တတ်ကျွမ်းလာလျှင် ပတ်ဝန်းကျင်ကလည်း ချစ်ခင်လေးစား တန်ဖိုးထားသည့်ဘဝကို ပိုင်ဆိုင်ရရှိလာပေမည်။

စိတ်စေတနာကောင်းဖြင့်လုပ်ဆောင်မှုက တုသောအကျိုးကို ပြန်လည်ခံစားရမည်မှာ သေချာသည်။

"စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့သည် စိတ်သာရှေ့သွား ခေါင်းဆောင်ဖြစ်လေသည်။ စိတ်သာ အကြီးအမှူးဦးစီးဖြစ်ကုန်၏။ စိတ်အတိုင်းဖြစ်ကုန်၏။ ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်ကြံစည်သူ၏နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခအစဉ်လိုက်လေသည်။" ဟု ဓမ္မပဒ၊ ယမကဝဂ်၊ စာပိုဒ်-၂ တွင် အတိအလင်း ဖော်ပြထားပြီးဖြစ်သည်။

သို့ဖြစ်၍ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စိတ်ကောင်းစေတနာကောင်းများဖြင့် ကြံစည်လုပ်ဆောင်နိုင်ခြင်းအားဖြင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေ ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# ပတ်ဝန်းကျင်ကောင်းလိုချင်သလား

မောင်ထူးချွန်

ပတ်ဝန်းကျင်ကောင်းဆိုတာ အရေးကြီးပါတယ်။ မောင်တို့မယ်တို့အနေနဲ့ ပတ်ဝန်းကျင်ကောင်းမှာ ကြီးပြင်းလာကြပါသလား။ ပတ်ဝန်းကျင်ကောင်းဆိုတာ ဘယ်လိုမျိုးရှာရမှာပါလိမ့်။

တွေးကြည့်စရာလည်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုတာ မိမိရဲ့အဝန်းအဝိုင်းကိုပြောတာ။

မိမိရှင်သန်နေထိုင်ရာဝန်းကျင်ပါပဲ။ ပတ်ဝန်းကျင်ကောင်းတယ်ဆိုတာ မိမိနဲ့သာ အဓိကသက်ဆိုင်ကြောင်း မှတ်သားဖူးပါတယ်။ ဘာကြောင့်လဲဆိုတော့ မိမိကသာအခရာကျတာပေ့ါ။ ဘယ်သူမပြု မိမိမှုဆိုတာရှိတယ်လေ။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားလိုက်ခြင်းကနေ မိမိပတ်ဝန်းကျင်ကို ကောင်းအောင်ကြိုးစားလာနိုင်မှာပေ့ါကွယ်။

“မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်။
မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်။
မိမိကျောင်းကိုကောင်းအောင်ကြိုးစားမည်။
မိမိတိုင်းပြည်အတွက်ကောင်းအောင်ကြိုးစားမည်။”

ငယ်စဉ်က သံပြိုင်သီဆိုခဲ့ကြတဲ့ ကျောင်းကောင်စီသီချင်းစာသားလေးကို သတိတရပြန်လည်ရေရွတ်မိရင်း ဖော်ပြလိုက်ပါတယ်။ ကလေးဘဝက ရွတ်ဆိုသီကျူးခဲ့ဖူးတာပါ။ ခုချိန်မှာ ပြန်တွေးကြည့်လိုက်ရင် မှန်ကန်နေတာပါပဲ။

အဓိကကတော့ မိမိကိုယ်ကိုကောင်းအောင် ဦးစွာကြိုးစားရမှာပေ့ါကွယ်။

ဘယ်လိုကောင်းအောင်ကြိုးစားမှာလဲ။ အမေးရှိရင်အဖြေကရှိပြီးသား။ မိမိကိုယ်တိုင်က ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်ရမယ်။ လိုက်လျောညီထွေဖြစ်ရမယ်။ သမ္မျတမှုရှိကာ ညီမျှမှုကိုလက်ခံယုံကြည်နိုင်မယ်ဆိုရင် မိမိဝန်းကျင်ကလည်း အလိုလိုစည်းလုံးမှုရှိပြီး ညီညွတ်သာယာနေမှာဖြစ်တယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ မိမိကိုယ်ကိုကောင်းအောင်ကြိုးစားတဲ့နေရာမှာ ကြိုးစားတယ်ဆိုတဲ့ လုပ်ဆောင်မှုတစ်ခုတည်းနဲ့ မပြည့်စုံသေးဘူးဆိုတာနားလည်နေရမယ်။ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ရေး၊ လိုက်လျောညီထွေဖြစ်ရေး၊ သမ္မျတမှုရှိကာ ညီမျှမှုရှိရေးတို့ကို မိမိကိုယ်တိုင်က ဦးစွာပြုကျင့် လိုက်နာလုပ်ဆောင်ပေးနိုင်အောင် ကြိုးစားရမှာလည်းဖြစ်တယ်။

လူနဲ့လူ့ပတ်ဝန်းကျင်မှာ လူတွေကအများကြီးရှိတယ်။ လူအမျိုးမျိုးရှိတယ်။ လူကောင်းသူကောင်းတွေက ပျော်ရွှင်မှုကို ပေးစွမ်းနိုင်ကြတယ်။ လူပေလူတေတွေက အတွေ့အကြုံတွေကိုပေးတယ်။ ဆိုးဆိုးရွားရွားလူတွေက သင်ခန်းစာကိုပေးလေ့ရှိတယ်။ ဒီနောက်မှာ အကောင်းဆုံးပုဂ္ဂိုလ်တွေကတော့ အမှတ်ရစရာတွေ ပေးတယ်လို့ မှတ်သားဖူးပါတယ်။ ကမ္ဘာမြေအကျယ်ကြီးပေါ်မှာ တစ်နေရာရာ တစ်ချိန်ချိန် ကြုံရဆုံရတဲ့သူတွေဟာ ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊ မနှစ်မြို့သည်ဖြစ်စေ ရေစက်ရှိခဲ့လို့ ကြုံရဆုံရတယ်လို့သာ မှတ်ယူလိုက်ပေတော့။ အပြစ်မမြင်နဲ့တော့။ အပြစ်တင်နေစရာလည်း မလိုပါဘူးကွယ်။



ကောင်းတဲ့လူမျိုးတွေ ကောင်းတဲ့လူ့အသိုင်းအဝိုင်းတွေနဲ့တွေ့ရတဲ့အခါ စိတ်ချမ်းသာတယ်၊ ပျော်ရွှင်တယ်၊ ကျေနပ်စရာကောင်းတယ်။ မကောင်းတဲ့လူတွေ၊ မကောင်းတဲ့အသိုင်းအဝိုင်းတွေနဲ့ အတူတွဲလုပ်ရ၊ အတူခရီးသွားရ၊ အတူနေထိုင်စားသောက်ရ၊ အပေါက်အလမ်းမတည့်ပေမယ့် အတွေ့အကြုံရတယ်လို့သာ မှတ်ယူရုံပါပဲ။ အဲဒီလို လူတွေ၊ အဲဒီလိုလူ့အသိုင်းအဝိုင်းတွေနဲ့ တတ်နိုင်သမျှဝေးအောင်နေလိုက်ရုံပဲပေ့ါ။

နောက်တစ်ခုကတော့ ကောက်ကျစ်ညစ်ပတ်တဲ့ ဗရုတ်သုတ်ခ လူတွေ၊ အသိုင်းအဝိုင်းတွေနဲ့လည်း ဝင်တိုးတတ်သေးတယ်။ တတ်နိုင်သမျှမငြိမိအောင်ကြည့်ပြီး ရှောင်လိုက်ရုံပါပဲ။ ရှောင်နိုင်အောင်ကြိုးစားနေလိုက်ရုံပါပဲ။

မိမိဘဝ အထိမနာအောင် သတိသာထားရတော့မှာပေ့ါ။

ကြုံတွေ့လိုက်ရတဲ့ မောင်မင်းကြီးသား၊ မယ်မင်းကြီးမများကိုလည်း ကျေးဇူးသာတင်လိုက်ပါ။ အဲဒီလူတွေ အဲဒီအသိုင်းအဝိုင်းတွေက ဘဝမှာမနစ်မွန်းအောင်၊ အချိန်မီ ရှောင်တိမ်းတတ်အောင် သင်ခန်းစာပေးသွားလို့လေ။

လောကမှာ အမှောင်နဲ့အလင်း၊ ညနဲ့နေ့၊ အဆိုးနဲ့အကောင်း၊ အကြောင်းနဲ့အကျိုး၊ အပူနဲ့အအေး ဒွန်တွဲနေကြတာပဲလေ။ အကောင်းချည်းမရှိနိုင်သလို အဆိုးချည်းလည်း မဟုတ်နိုင်ပေဘူးပေ့ါနော်။ အဆိုးရောအကောင်းပါ လူတွေအမျိုးမျိုးအထွေထွေ ဘဝတစ်သက်တာမှာ တွေ့နေရမှာပါပဲ။ တူရာတူရာစုဝေးတတ်တဲ့ ဓာတ်သဘောအရ ကိုယ့်လို စိတ်ကောင်းစိတ်မြတ်ထားတတ်သူ စိတ်ရင်းဖြူသူ ဖြောင့်သူတွေကို ရွေးပြီးပေါင်းသင်းကာ မိတ်ဆွေဖွဲ့ပေ့ါကွယ်။

မင်္ဂလာတရားတော် မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ အမှတ်စဉ်(၁) က လူမိုက်ကိုရှောင်လွှဲပါတဲ့။ စိတ်ရင်းစိတ်ထားမကောင်းသူတွေနဲ့ ဝေးဝေးနေပါလေတဲ့။

ပညာရှိ သူတော်ကောင်းများကိုတော့ ကြိုးစားပြီး ရင်းနှီးအောင်ချဉ်းကပ်၊ နီးနီးနားနားခင်ခင်မင်မင် ပေါင်းဖော်ပါတဲ့။ ဒါက ဒုတိယလာတဲ့အချက်မဟုတ်လား။

အသေဝနာစဗာလာနံ က ပထမပဲ။

ဗာလဆိုတဲ့အမြော်အမြင်နည်းပါး၊ ပညာဉာဏ်မရှိ၊ မိုက်တိမိုက်ကန်းနဲ့ စိတ်ကူးပေါ်ရာကို စွတ်ရွတ်လုပ်တတ်တဲ့ လူတွေနဲ့ကင်းကင်းရှင်းရှင်းနေတတ်ပါစေ။ ငရုတ်သီးနဲ့မပေါင်းနဲ့။ အပေါင်းမှားရင် ကြက်သွန်ပါ ရောပြီးအထောင်းခံရတတ်တယ်။ နီးနီးကပ်ကပ်သွားပြီး မပူးမိစေနဲ့။ လူမိုက်တွေရဲ့ သွားရာလမ်းဟာ မအေးချမ်းနိုင်ဘူး။ ပူလောင်တယ်။

လောကမှာ လူတွေအများကြီးပါ။

လူကောင်းတွေလည်း ရှိတာပါပဲ။

တော်လည်းတော်၊ ကောင်းလည်းကောင်း၊ မိမိအပါအဝင်၊ မိမိမိသားစု၊ မိတ်ဆွေသူငယ်ချင်း၊ မိတ်ဖက်အသိုင်းအဝိုင်း၊ နိုင်ငံနဲ့လူမျိုးတို့ရဲ့ကောင်းကျိုးတို့ကို တကယ်စေတနာထားပြီး တိုးတက်မြင့်မားအောင်စွမ်းဆောင်နိုင်တဲ့ ပညာရှိသူတော်ကောင်းတွေလည်း အများကြီးပါ။

တော်တာက အမြော်အမြင်ကြီးမားတာ၊ စိတ်နေစိတ်ထား ရင့်ကျက်တည်ကြည်တာ၊ ဉာဏ်ရည်မြင့်တာ၊ ပညာထူးချွန်တာ၊ ဘာသာရပ်ကျွမ်းကျင်တာ၊ ကောင်းတာက စာရိတ္တဖြူစင်တာ၊ စိတ်ကောင်းစေတနာကောင်းရှိတာ၊ ကိုယ်ချင်းစာတရားပြည့်ဝပြီး သူတစ်ပါးကိုကိုယ့်အတွက်ကြောင့် မနစ်နာစေရ မထိခိုက်စေရဘူးဆိုပါတော့။

တစ်ခုခုဖြစ်လာခဲ့ရင်လည်း သူကပဲအနစ်နာခံမယ်။ စွန့်လွှတ်မယ်၊ အခွင့်အရေးမယူဘူး၊ အများကောင်းစားရေးကို ဦးစားပေးတတ်ပြီး လောဘဒေါသနည်းပါးကာ မာန်မာနမထားတတ်ဘူး။ စိတ်မကောက်တတ်ဘူး။ စိတ်ထားမသေးသိမ်ဘူး။ ကိုယ့်လူသူ့လူမခွဲဘူး။ အဲဒီသလိုကောင်းမြတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရကြုံရတဲ့အခါ အေးမြကြည်လင်တာပေ့ါ။ ချီးကျူးအားကျစရာတွေ တွေ့ရတာပေ့ါနော်။ အတုယူလေးစားစရာတွေပါပဲ။

စိတ်သဘောထားမြင့်မြတ်ဖြူစင်သူပုဂ္ဂိုလ်တွေဟာ အမှတ်ရစရာတွေ၊ တမ်းတစရာတွေ မျှဝေပေးတတ်တယ်ကွယ့်။ မိမိကိုယ်ကိုကောင်းအောင်ကြိုးစားလိုက်တဲ့အတွက် တွေ့လာရမယ့် အတွေ့အကြုံကောင်းတွေ၊ အသိုင်းအဝိုင်းကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေကို အလိုလို ရရှိပိုင်ဆိုင်ခွင့် ရရှိလာတော့တာပဲပေ့ါ။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ပတ်ဝန်းကျင်ကောင်းကိုလိုချင်တယ်ဆိုရင် မိမိကိုယ်ကိုကောင်းအောင် ဦးစွာကြိုးစားတည်ဆောက်ရမယ်ဆိုတဲ့အတွေးကို လက်ကိုင်ထားပြီး ကျင့်ကြံကြိုးစားလုပ်ဆောင်နိုင်ကြမယ်ဆိုရင် အကောင်းဆုံးပတ်ဝန်းကျင်ကိုရရှိလာမှာ အသေအချာပဲပေ့ါကွယ်။ ။

# ဆက်ဆံရေးတည်ဆောက်မှုဖန်တီးပါ

အောင်မြတ်စည်သူ

ကျွန်တော်တို့သည် ကျွန်တော်တို့၏ပကတိကိုယ်ကို ဖန်တီးရင်းပင်လုပ်ငန်းစဉ်တွင် ဆက်ဆံရေးများ ဖန်တီးမိကြသည်။ ဆက်ဆံရေးများသည် နေရာတကာတွင်ရှိသည်။ ဆက်ဆံရေးသည် အခရာပင်ဖြစ်သည်။

‘ဆက်ဆံရေးမှာ အတောသတ်မှုမရှိချေ။ တစ်ခုသောဆက်ဆံရေးနိဂုံးချုပ်ကောင်းချုပ်မည်။ သို့သော် ဆက်ဆံမှုသည် မည်သည့်အခါမျှကိစ္စပြတ်သွားသည်ဟုမရှိချေ။ ဖြစ်တည်နေခြင်းသည်ပင် ဆက်စပ်နေခြင်းရှိသည်’ဟု အိန္ဒိယလောကုတ္တရာပညာရှင် ခရစ်နာမူတီးကဆိုသည်။

ကျွန်တော်သည် လေးပိုင်းသင်ရိုးတွဲစဉ် သင်တန်းများဖြင့် ကော်ပိုရေးရှင်းများစွာကို သင်တန်းပို့ချမှု ပြုခဲ့ဖူးသည်။ ပထမသုံးပိုင်းမှာ ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝတိုးတက်ရေးနှင့်ပတ်သက်ပြီး နောက်ဆုံးတစ်ပိုင်းမှာ ဆက်ဆံရေးတည်ဆောက်မှုနှင့် သက်ဆိုင်သည်။ တစ်ခါတစ်ရံတွင် CEO များက သင်တန်းမတိုင်မီ ကျွန်တော့်ကို ‘ကျွန်တော့်အချိုးများ ဟန်ချက်ပျက်နေမလား’ဟု ပြောင်မေးလေ့ရှိကြသည်။

‘ဆက်ဆံရေးတည်ဆောက်မှုကို ခင်ဗျားပိုဇောင်းမပေးသင့်ဘူးလား’ တကယ်တမ်းပြောရရင် ထက်ထက်သန်သန်၊ တက်တက်ကြွကြွ ဆောင်ရွက်ရေးထက် အသင်းအဖွဲ့တည်ဆောက်မှုနှင့် စားသုံးသူနှင့် ဆက်ဆံရေးက ပိုပြီးအရေးပါတယ်မဟုတ်လားဟု သူတို့ ဆိုလေ့ရှိကြသည်။

ကျွန်တော့်အချိုးဘက်မှ ကျွန်တော် ရပ်တည်ပါသည်။ ကျွန်တော်တို့ကို ကျွန်တော်တို့ဆက်ဆံမှု ညှံ့ဖျင်းနေပါလျှင် တခြားသူတို့နှင့်ကျွန်တော်တို့ ပေါင်းသင်းဆက်ဆံရခက်မည်။ ကိုယ့်ဘဝအမြင် မြှင့်တင်ရေးက လက်ဦးကြသည်။ မည်သည့်အနေအထားမျိုးနှင့်မျှ တက်ကြွထက်သန်မှုမရှိသူနှင့် မည်သူက ပေါင်းသင်းဆက်ဆံမှု ပြုလိုပါမည်နည်း။

ကျွန်တော်တို့ စတုတ္ထပိုင်းဆက်ဆံရေးတည်ဆောက်မှုကဏ္ဍသို့ ရောက်သောအခါဖန်တီးစွမ်းကိုဇောင်းပေးသည့် ဆက်ဆံရေးတည်ဆောက်ရာတွင် ဖန်တီးစွမ်းသည် အရေးအပါဆုံးအချက်တစ်ရပ်ဖြစ်သည့်တိုင်အောင် ဥပေက္ခာပြုအခံရဆုံးအချက် ဖြစ်သည်။

ဆက်ဆံရေးတွင် ကျွန်တော်တို့အများစုသည် ကျွန်တော်တို့၏ဦးနှောက်များထက် ကျွန်တော်တို့၏ခံစားချက်များဖြင့် ပို၍တွေ့မြင်ကြသည်။ သို့သော် ကျွန်တော်တို့ဦးနှောက်များထက် ခံစားချက်များဖြင့်တွေ့မြင်ခြင်းသည် ကျွန်တော်တို့ကို ကော်လင်းဝီလ်ဆန် သုံးသပ်သကဲ့သို့ ဖောက်ထိုးအနေအထားသို့ ရောက်ရှိသွားစေသည်။

ကျွန်တော်တို့သည် ဆက်ဆံရေးများကို ဖန်တီးစွမ်းအတွက် အခွင့်အလမ်းများအဖြစ်မြင်လာလျှင် ဆက်ဆံရေးများ ပိုကောင်းလာသောအခါတွင် ကျွန်တော်တို့ ပို၍နိုးကြားတက်ကြွလာသည်။

ကျွန်တော့်အငယ်ဆုံးသမီး မာဂီ လေးတန်းတက်နေစဉ်ကာလကဖြစ်သည်။ သူ့အတန်းမှ အလွန်ရှက်တတ်သော ကလေးမလေးတစ်ဦးသည် ဖျက်ရခက်သောမင်တံတစ်ခုဖြင့် သူ၏နှာခေါင်းပေါ် သူ မတော်တဆ အမှတ်မည်းကြီးတစ်ခု ရေးခြစ်လိုက်မိသည်။ အတန်းထဲမှကလေးအများအပြားသည် သူ့ကိုလက်ညှိုးတထိုးထိုးပြု၍ ဟားတိုက်လာကြသည်။ ကောင်မလေးက ရှက်လွန်း၍ မျက်ရည်တလည်လည်ဖြစ်လာသည်။

ဤသို့ဖြစ်စဉ်တစ်ချိန်တွင် မာဂီသည် ထိုကလေးမလေးထံသို့ လျှောက်သွားပြီး နှစ်သိမ့်လိုက်သည်။ (ဤဖြစ်ရပ်ကို မာဂီ၏ဆရာမက ကျွန်တော့်ကို တအံ့တဩ ပြန်ပြောင်းပြောပြခဲ့သည်) မာဂီသည် မင်တံကို ရုတ်တရက်ကောက်ယူလိုက်ပြီး သူ့နှာခေါင်းတွင် အမှတ်တစ်ခု ရေးခြစ်လိုက်သည်။ ထို့နောက်ထိုမင်တံကိုနောက်အတန်းဖော်တစ်ယောက်ထံ ကမ်းပေးပြီး ‘ငါ့နှာခေါင်းကို ငါဒီလိုကြိုက်တယ်။ မင်းရော...’ ဟု ပြောလိုက်သည်။

တစ်ခဏအတွင်းမှာပင် တစ်တန်းလုံး နှာခေါင်းပေါ်တွင် အမှတ်မည်းကိုယ်စီနှင့် ဖြစ်သွားပြီး စောစောကငိုနေခဲ့သော ရှက်တတ်သည့်ကလေးမလေးက ရယ်မောနေခဲ့သည်။ အားလပ်ချိန်တွင် မာဂီ၏အတန်းဖော်အားလုံး နှာခေါင်းတွင် အမှတ်မည်းကိုယ်စီဖြင့် ကစားကွင်းထဲသို့ ဆင်းသွားခဲ့ရာ တစ်ကျောင်းလုံး မနာလိုဖြစ်သွားခဲ့ကြသည်။ သူတို့တစ်တန်းလုံး ထူးထူးခြားခြား ‘မိုက်’ နေခဲ့ကြသည်ကိုး။

ဤကိစ္စတွင် မာဂီက ပြဿနာရှင်းရန် သူ၏ခံစားချက်မဟုတ်ဘဲ သူ၏ဦးနှောက်နှင့် ဖန်တီးမှုစွမ်းရည်ကို အသုံးချခဲ့ပုံကြောင့် ဤဖြစ်ရပ်သည် ကျွန်တော့်အတွက် စိတ်ဝင်စားစရာ ဖြစ်ခဲ့သည်။ သူသည် ထက်မြက်သော ကိစ္စတစ်ခု ဆောင်ရွက်နိုင်သော စိတ်အာရုံအဆင့်ထဲသို့ သူ့ကိုယ်သူ မြှင့်တင်လိုက်သည်။ သူသည် သူ၏ခံစားချက်ဖြင့် တွေးတောစဉ်းစားခဲ့ပါလျှင် ကောင်မလေးကို ဟားတိုက်ရယ်မောနေသော အတန်းသားများကို ဒေါသဖြစ်ချင်ဖြစ်မည် သို့မဟုတ် စိတ်မကောင်းဖြစ်ခဲ့မည် သို့မဟုတ် စိတ်ဓာတ်ကျခဲ့ပေမည်။

သင့်စိတ်အာရုံထဲသို့ ဆက်ဆံရေးပြဿနာတစ်ရပ် သယ်သွားသည့်အခါတိုင်း ဖန်တီးမှုပြုရန် အခွင့်အလမ်းများ အကန့်အသတ်မဲ့ရရှိသည်။ အလားတူပင် ဆက်ဆံရေးပြဿနာတစ်ရပ်ကို စိတ်လှေကားဖြင့် နှလုံးသား၏ အောက်ပိုင်းထက်ဝက်သို့ ချပေးလိုက်လျှင် ထိုပြဿနာနှင့်ရာသက်ပန် လုံးချာလည်လိုက်နေရန် အလားအလာရှိသည်။

ဤသို့ဆိုလိုက်သောကြောင့် သင်မည်သို့မျှခံစားမှု မရှိသင့်ဟုဆိုလိုခြင်းမဟုတ်ချေ။ အရာရာတိုင်းကို ခံစားပါ။ သင့်ခံစားချက်ကို သတိချပ်ပါ။ ခံစားချက်များဖြင့် စဉ်းစားတွေးတောခြင်းသက်သက်သာ မပြုပါနှင့်။ ဆက်ဆံရေးပြဿနာတစ်ရပ် ဖြေရှင်းရန်ရှိပါက သင့်လှေကားအတိုင်း ဖန်တီးမှုစွမ်းရည် အကြွယ်ဝဆုံး သင့်ကိုယ်ထံသို့တက်ပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့ဘဝ ဆက်ဆံရေးများကို ကျွန်တော်တို့ကိုယ်တိုင် ဖန်တီးမှန်း မကြာမီမှာပင် သဘောပေါက်လာကြသည်။ ယင်းတို့ အလိုလိုဖြစ်ပေါ်သည်မဟုတ်ချေ။

‘ကျွန်တော်တို့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းသည် တောင်ပံတစ်ဖက်မျှသာရှိသော အိန်ဂျယ်နတ်လေးများ ဖြစ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လျက်သာလျှင် ကျွန်တော်တို့ ပျံသန်းနိုင်သည်’ဟု အီတလီပန်းချီဆရာ လူစီအာနိုဒီ ခရီစန်ဇိုက ပြောကြားခဲ့သည်။

Ref: Create relationship building by Steve Chandler

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မော်သည် တံခါးသို့ ပြေးသွားလေသည်။

"ဟော့ ... ဗစ်တာလာပြီ ဗစ်တာ မွန်ရေ ..."

မွန်သည် နောက်သို့လိုက်သွားပြန်သည်။ ဧည့်ခန်းသို့ ဘောင်းဘီရှည် ကုတ်အကျီနှင့် အင်္ဂလိပ် ကပြားဆန်ဆန် လူတစ်ယောက် ဝင်၍လာသည်။ မွန်က အင်္ဂလိပ်လို အပြစ်တင်လိုက်သည်။

"သိပ်နောက်ကျတယ်ကွယ်၊ မွန်က ချိန်းထားရင် အချိန်မှန်မှ ကြိုက်တယ်၊ အချိန်မမှန်ရင် သိပ်စိတ်ဆိုးတယ်"

ဗစ်တာသည် မွန်၏ ခေါင်းကိုသာ ပွတ်လိုက်ပြီးလျှင် ချော့လိုက်သည်။

"အဘိုးကြီး ကားပြန်မလွှတ်လို့ နောက်ကျတာပါ မွန်ရာ၊ ကိုယ့်အပြစ် မဟုတ်ပါဘူး။ ကားမရှိရင် ဘယ်လိုလုပ်လာမလဲ"

ဗစ်တာက ချော့လိုက်သည့်တိုင်အောင် မွန်က ကျေနပ်ပုံ မရသေးချေ။

"ဘာပဲဖြစ်ဖြစ် နောက်ကျတာက နောက်ကျတာပဲ။ ကားမရှိရင် ဒီအတိုင်းလာ၊ ဒါမှမဟုတ်ရင် တက္ကစီငှားလာလည်း ဖြစ်နိုင်တာပဲ။ အပြစ်ကို ဆင်ခြေပေးတာတော့ မွန်မကြိုက်ဘူး"

"ကဲပါကွာ ... ဝမ်းနည်းပါတယ်၊ ကိုယ့်အပြစ်ကို တောင်းပန်ပါတယ်ကွယ်၊ ကဲ ... အချိန်မရှိဘူး သွားမယ်"

မော်သည် အပေါ်ထပ်သို့ အပြေးတက်သွားလေသည်။ ဒေါ်ခင်မျိုးသန့်သည် ဗစ်တာ့ကို လှမ်း၍နှုတ်ဆက်လိုက်သည်။

"ကဲ ... ဗစ်တာ၊ မင်းရောက်လာတာ အတော်ပဲ၊ နို့မို့ အန်တီက အသွားအပြန် လိုက်ပို့နေရမှာ၊ ကဲ ... မွန်ရေ၊ မာမီသွားမယ်နော်၊ ရော့ .... မော့်ကို တစ်ဆယ်၊ မင်း တစ်ဆယ်"

ဒေါ်ခင်မျိုးသန့်သည် လက်ပွေ့အိတ်ထဲမှ ဆယ်တန်နှစ်ချပ်ကို ထုတ်၍ ပေးလိုက်သည်။

"ဒေါက်တာမကြီး တစ်ယောက်လုံး လုပ်ပြီးကွာ ... အပြင်ထွက်တာတောင် ငွေတစ်ဆယ်တည်းနဲ့တော့ ရှက်ပါတယ်ဟော့၊ ကိုယ်တို့တော့ အတူမသွားဘူးကွ"

"အံမယ် ...ဗစ်တာက မြှောက်ပေးမနေစမ်းပါနဲ့၊ မွန့်မှာ ပိုက်ဆံအများကြီးရှိတယ်။ သူ့ဒက်ဒီဆီက ညှစ်ထားတာ တစ်ရာလောက်ရှိတယ်ကွ ..."

"ဩော် ... ဒီလိုလား၊ ဒါဖြင့် မွန် ဒီနေ့ ဒကာခံမယ်ပေါ့"

မွန်သည် ဗစ်တာ့ကို မျက်စောင်းခဲ၍ ကြည့်လိုက်သည်။ ဗစ်တာက အသံပြကြီးဖြင့် ရယ်လိုက်သည်။

"သူဌေးကိုတော့ ကြေးမပါနိုင်ဘူး ဆရာ၊ ဗစ်တာတို့က သူဌေးတွေ မဟုတ်လား"

ဗစ်တာ ပခုံးကိုတွန့်၍ အသံဝါကြီးဖြင့် ရယ်လိုက်သည်။ မော်သည် ကြော့နေအောင်ပြင်၍ အပေါ်ထပ်မှ ဆင်း၍လာပြီးလျှင် ဒေါ်ခင်မျိုးသန့်၏လက်ကို အတင်းဆွဲထားလိုက်သည်။

"အံမယ် ... မာမီက လစ်မလို့၊ ဘယ်မလဲ ပိုက်ဆံ"

"မွန့်ဆီမှာ ပေးခဲ့ပြီးပြီ၊ တစ်ယောက်တစ်ဆယ်"

သည်တော့မှ မော်က ကလေးငယ်ကဲ့သို့ ဒေါ်ခင်မျိုးသန့်၏ပါးကို ခုန်နမ်းလိုက်သည်။ ဒေါ်ခင်မျိုးသန့် ထွက်သွားသောအခါ ဗစ်တာသည် ဦးကျော်ဒင်အား လှမ်း၍ နှုတ်ဆက်လိုက်သည်။

"အန်ကယ် ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး ... အေး ... စောစောတော့ ပြန်ကြဟေ့"

"ဟုတ်ကဲ့ အန်ကယ်၊ စိတ်ချပါ"

"အပြန် လေဟာပြင်စျေး ဝင်ပြီး ခေါက်ဆွဲစားမယ် ဒက်ဒီ၊ ဗစ်တာက အားလုံးဆပ်ပလိုင်းလုပ်မှာနော် ဗစ်တာ"

"မရဘူးကွ၊ မော့်ဆီက တစ်ဆယ်ကုန်အောင်တော့ ညှစ်ရမယ်၊ တစ်ဆယ်ကုန်မှ ကိုယ်က လိုတာစိုက်မယ်"

မော်သည် နှုတ်ခမ်းစူ၍ ခြေကို ဆောင့်လိုက်သည်။

"ဘာလဲ ဗစ်တာက မတရားဘူး၊ သူများ မရှိမဲ့ရှိမဲ့ တစ်ဆယ်လေးကိုတော့ အညှဉ်းမခံနိုင်ဘူး၊ မွန့်ကို ညှဉ်းပါလား၊ မွန့်ကျတော့ မညှဉ်းဘဲနဲ့ ဒီက ဖော်ကောင် လုပ်လိုက်မယ်နော် ဟင်း .."

"ရှူး ... ကောင်မလေး အရှုံးလား၊ ဒက်ဒီကြားသွားမယ်"

မွန်က မော့်ကို မျက်နှာတည်တည်ဖြင့် ဟန့်လိုက်သည်။ သည်တော့မှ မော်သည် လျှာကလေးကိုထုတ်၍ မျက်လုံးပြူးပြလိုက်သည်။

ကိုဘခက်သည် ဦးကျော်ဒင်နှင့် စကားပြောနေရာမှ မွန်တို့စကားဝိုင်းကို တစ်ချက် နားစွင့်လိုက်မိသည်။ 'မ' ကမူ မွန်တို့ကို လုံးဝ ဂရုမစိုက်။ ဦးကျော်ဒင်နှင့် ကိုဘခက်တို့ ပြောနေသော ဂီတအကြောင်းကိုသာ စိတ်ဝင်စားဟန် ရှိသည်။

ခဏကြာလျှင် ကားထွက်သံကို ကြားလိုက်ရသည်။ ဗစ်တာနှင့် မော်တို့၏ ရယ်သံသည် ဧည့်ခန်းထဲသို့ လွင့်၍ဝင်လာသည်။ ဦးကျော်ဒင်ကား သူပြောလိုသော စကားကိုသာ စိတ်ဝင်စားစွာ ပြော၍နေတော့သည်။

"အေးဟေ့ ငါ့သမီးတော့ စောင်းပညာကို ကောင်းကောင်းတတ်အောင် အသင်ခိုင်းရမယ် ... နော် သမီး၊ သင်မယ် မဟုတ်လား"

'မ' သည် ခေါင်းကိုသာ ညိတ်၍ပြလိုက်သည်။ 'မ' ၏ အမူအရာမှာ အေးစက်စက် နိုင်လှသည်။

သို့သော် ဂီတအကြောင်းကို ဆွေးနွေးနေကြသည်ကိုပင် ခုလောက်ထိုင်၍ နားထောင်နေသည်က သူ၏ဝါသနာကို အကဲခတ်နိုင်ပေသည်။

"ကဲ...မောင်ဘခက်လည်း ညောင်းရင် အခန်းမှာလှဲနေကွာ၊ စန္ဒရားတီးချင်လည်း တီး၊ စောင်းလည်း ရှိတယ်။ တီးတာ မှုတ်တာတော့ အားမနာနဲ့ဟေ့၊ ဒီအိမ်မှာ ဒါကြောင့် အနှောင့်အယှက် မဖြစ်ဘူး။ ညလည်း ညဉ့်နက်သန်းခေါင်ထိ ဆိုနိုင်တယ်၊ တီးနိုင်တယ်။ ဦးတို့က အားလုံး အပေါ်ထပ်မှာ အိပ်ကြတာပဲ။ ဘာမှ အနှောင့်အယှက်မဖြစ်ဘူး။ ကြားလား ဟေ့ ... မောင်ဘခက်"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း စိတ်ပါရင် မိုးလင်းထိုင်ပြီး တီးတတ်တယ်"

"ဟုတ်တာပေါ့၊ ခင်တို့တောင် တစ်ညနှစ်ည မိုးလင်းပေါက် ဖဲဝိုင်းမှာ ထိုင်သေးတာပဲ။ ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့။ ဘယ်အလုပ်ပဲဖြစ်ဖြစ် စိတ်ပါတုန်းလုပ်ရင် ကောင်းတာပဲဟေ့။ စိတ်လည်းချမ်းသာတယ်။ ဒီမှာတော့ ဘာမှအားနာစရာ မရှိဘူးဟေ့။ မောင်အေးရေ ... ဟေ့ ... မောင်အေး"

"လာပြီ ... ဆရာ"

ဦးကျော်ဒင်သည် ယွန်းသေတ္တာထဲမှ ဆေးလိပ်တစ်လိပ်ကို မီးညှိလိုက်သည်။ 'မ' သည် စီးကရက်ငွေဘူးကို ကိုဘခက်ရှေ့သို့ တိုးပေးလိုက်သည်။

"မင်း အခန်းရှင်းပြီးပြီလား၊ ခုတင်ရော ခင်းပြီးပြီလား"

"ပြီးပါပြီ ဆရာ၊ အားလုံး ပြီးပါပြီ။ အိပ်ရာခင်းပြီးပါပြီ"

'မ' သည် မောင်အေးကို မော့်ကြည့်လိုက်ရင်း ...

"စားပွဲနဲ့ ကုလားထိုင်တစ်လုံး ရွှေ့ပေးလိုက်ပါ။ ပြီးတော့ မောင်အေး သွယ်တတ်ရင် မီးပလတ်ပေါက် ရှိတယ်၊ စလောင်းရယ်၊ မီးလုံးရယ်၊ ကြိုးရယ် သွားဝယ်ပြီး ဆင်ပေးလိုက်ပါ"

"ဟုတ်ကဲ့ မမ"

'မ' သည် စားပွဲပေါ်တင်ထားသော ပလတ်စတစ်အိတ်ထဲမှ ဆယ်တန်နှစ်ရွက်ကို မောင်အေးအား လှမ်းပေးလိုက်သည်။

ကိုဘခက်သည် နေရာမှ ထလိုက်သည်။ နောက်ဖေးပေါက်နှင့် ကပ်လျက်ရှိသော သူ့အခန်းဆီသို့ ဝင်ခဲ့သည်။

သူ့အခန်းတွင်း၌ကား သံခုတင်တစ်လုံးနှင့် အိပ်ရာအသင့်ခင်းထားသည်ကို တွေ့ရသည်။ ကိုဘခက်သည် ခုတင်ပေါ်သို့ လှဲချလိုက်သည်။ ကိုယ့်အဖြစ်ကို ပြန်တွေး၍ပင် မယုံနိုင်အောင်ရှိတော့သည်။

ထွက်လာစဉ်က ဖြစ်လိုရာဖြစ်စေ၊ ကိုယ်ယုံကြည်ရာ လုပ်ရလျှင် တော်ပြီ ဟူသော သတ္တိဖြင့် ထွက်ခဲ့သည်။

သို့သော် တကယ့် လက်တွေ့တွင် မလွယ်လှပေ။ တက်လမ်းကို ရှာရာ၌ အစွမ်းအစတစ်ခုတည်းနှင့် မလုံလောက်သေးသည်ဟု တွေ့ရသည်။

ဂီတသုခမအဖွဲ့ အတွင်းရေးမှူး ဦးဘရီ၏စကားများကို ပြန်၍ ကြားယောင်မိသည်။

ကိုဘခက်သည် စိတ်ထဲရှိသမျှကို ထိမ်ချန်ထားတတ်သူ မဟုတ်သည့်အတိုင်း သူ၏ရည်ရွယ်ချက်ကို ဦးဘရီအား ဖွင့်၍ပြောလိုက်မိသည်။

"ကျွန်တော်တော့ ဒီပြိုင်ပွဲမှာ ရရင်လည်းရပေါ့၊ မရလည်း မြို့ကိုတော့ မပြန်ချင်တော့ဘူးခင်ဗျ၊ ရန်ကုန်မှာ နာမည်တစ်လုံးရမှ ပြန်ချင်ပြန်မယ်"

ဦးဘရီသည် ကိုဘခက်၏ စကားကို နားထောင်ရင်း ပြုံးလိုက်သည်။ ကိုဘခက်၏သတ္တိကို ချီးကျူးသော်လည်း တကယ့်လက်တွေ့တွင် အနုပညာရှင်တစ်ယောက်အတွက် အောင်မြင်ခြင်းသည် စိတ်ထင်သလောက် မလွယ်လှသည်ကို ဦးဘရီက သိထားပြီးဖြစ်သည်။

"မင်းပညာနဲ့ သတ္တိတော့ ချီးကျူးပါတယ်ကွာ၊ ဒါပေမယ့် ရန်ကုန်မှာ လွယ်လွယ်နဲ့ မတိုးနိုင်တာတော့ အမှန်ပဲ။ ငါတို့ကိုကြည့်ကွာ...၊ အရင် အင်္ဂလိပ်ခေတ်ကတည်းက ဂီတာဘရီ ဆိုပြီး နာမည်တစ်လုံးနဲ့ နေခဲ့တာ။ မင်းတို့အထင်တော့ ငါတို့ဟာ ဒီအလုပ်နဲ့ သိပ်ကြီးပွားနေပြီလို့ ထင်မှာပေါ့။ ဝေးသေးတယ်ဟေ့ ... ရုံးမှာ အထက်တန်းစာရေးလေး ရပေလို့ မငတ်တာဟေ့။ ဒါနဲ့သာ လုပ်စားရင် ငတ်လိုက်မယ့်ဖြစ်ခြင်း။ နာမည်ကြီးသမျှ ငတ်တယ်ဆိုတာ တို့ပညာပဲကွ"

ဦးဘရီက အရိုးတိုင်း ဂီတသမားတစ်ယောက်၏ အကျပ်အတည်းနှင့် ရှန်းကန်ရပုံကို ဖွင့်ပြောလိုက်သော်လည်း ကိုဘခက်ကမူ တုန်လှုပ်ခြင်းမရှိချေ။

"ကျော်စောခြင်းနဲ့ ငွေဟာ တခြားစီပဲဆိုတာ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တတ်တဲ့ ပညာကို တိုင်းပြည်ကို တင်ပြခွင့်ရရင် တော်ပြီ၊ ပြီးတော့ ကျွန်တော် သီချင်းရေးဆရာတစ်ယောက် ဖြစ်ချင်တယ်။ မြို့မငြိမ်းလို သီချင်းရေးဆရာတစ်ယောက် ဖြစ်ရင် တော်ပြီ။ သူ့လိုပဲ ဒုက္ခထဲမှာ နစ်ပြီး သေချင်သေပါစေ၊ ကျွန်တော် ပြုစုချက်ကို လက်ခံတဲ့ ပရိသတ်ရှိလာရင် တော်ပြီ။ ငတ်တာမဆန်းပါဘူး၊ သူတောင်းစားတောင် ဘာယုံကြည်ချက်မှမရှိဘဲ နေ့စဉ် တောင်းစားနေကြသေးတာပဲ။ ကျွန်တော်တို့လို ကိုယ့်ယုံကြည်ချက်အတွက်ဆိုရင် တောင်းစားပြီး လုပ်နေလည်း ရှက်စရာမလိုပါဘူး။ နိုင်ငံရေးသမားတွေဟာ ပြည်သူ့အထောက်အပံ့ ရန်ပုံငွေတွေကောက်ပြီး နိုင်ငံရေး လုပ်စားသေးတာပဲ။ ဘာထူးလဲ .... ကျွန်တော်တို့လည်း တိုင်းပြည်ရဲ့ အနုပညာအတွက် လုပ်တဲ့နေရာမှာ စားစရာမရှိရင် တယောထိုးပြီး တောင်းစားမှာပေါ့"

**ဆက်လက်ဖော်ပြပါမည်။**

**"ကျွန်တော်ကတော့ ကျွန်တော်တတ်တဲ့ပညာကို တိုင်းပြည်ကိုတင်ပြခွင့်ရရင်တော်ပြီ၊ ပြီးတော့ ကျွန်တော်သီချင်းရေးဆရာတစ်ယောက် ဖြစ်ချင်တယ်။ မြို့မငြိမ်းလို သီချင်းရေးဆရာတစ်ယောက်ဖြစ်ရင် တော်ပြီ။ သူ့လိုပဲ ဒုက္ခထဲမှာနစ်ပြီး သေချင်သေပါစေ၊ ကျွန်တော်ပြုစုချက်ကို လက်ခံတဲ့ ပရိသတ်ရှိလာရင် တော်ပြီ။ နိုင်ငံရေးသမားတွေဟာ ပြည်သူ့အထောက်အပံ့ ရန်ပုံငွေတွေကောက်ပြီး နိုင်ငံရေး လုပ်စားသေးတာပဲ။ ကျွန်တော်တို့လည်း တိုင်းပြည်ရဲ့ အနုပညာအတွက် လုပ်တဲ့နေရာမှာ စားစရာမရှိရင် တယောထိုးပြီး..."**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၈/စီ)၊ မြေကွက်အမှတ် (၉၆၄)ဟုခေါ်တွင်သောအမှတ်(၂၄)၊ဓမ္မိကဝတီလမ်း၊သံတံတားရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့တွင်တည်ရှိသောမြေအကျယ်အဝန်း(၂၅ × ၅၀)ပေရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂၄ ဓမ္မိကဝတီ **Condominium**)ရှိ ၊(၁)ခန်းတည်း(၉)ထပ်တိုက်ကွန်ဒိုအဆောက်အဦးမှ(၆)လွှာ၊အကျယ်အဝန်း(၁၂၅၀)စတုရန်းပေရှိကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသော၁။ဦးရဲဝင်း(၁၂/ကတတ(နိုင်)၀၂၅၇၈၁)၂။ဒေါ်တင်အေးမွန်(၁၂/ကမရ(နိုင်)၀၃၈၀၅၂)တို့မှမိမိတို့သာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား**(မူရင်း)**များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဒေါ်စုမြတ်မောင် (LL.B) ၊ (စဉ်–၁၆၅၅၄)**

တရားလွှတ်တော်ရှေ့နေ

အမှတ်(၄၈)၊မြေညီထပ်၊စက်တွင်းလမ်း၊အလုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း–၀၉ ၄၂၈၀၂၂၃၈၄ ၊ ၀၉ ၇၆၅၅၄၅၄၅၄ ၊ ၀၉ ၇၉၈၂၃၃၈၂၅
Facebookpage: 54 Real Estate Company Limited

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် (ထောက်ကြန့်)၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေနံ့သာ၊ မြေကွက်အမှတ်–၇၃၈၊ ဧရိယာ (၈၀ပေx၆၅ပေ) (၅၂၀၀ စ/ပ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်–၇၃၈၊ (၂၄)လမ်း၊ ရွှေနံ့သာရပ်ကွက်၊ (ထောက်ကြန့်) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အဆောက်အဦ၌ စွဲကပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်အိအိခိုင် (အဖ) ဦးမြသောင်း [၁၂/လမန(နိုင်)၁၂၃၂၀၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးဟန် B.A (Law), LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)**
**တိုက်အမှတ် (၈၃/၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် (ထောက်ကြန့်)၊ မြေတိုင်းရပ်ကွက်အမှတ်– ရွှေနံ့သာ၊ မြေကွက်အမှတ်– ၇၆၅၊ ဧရိယာ (၈၀ပေ x ၆၅ပေ) (၅၂၀၀ စ/ပ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်– ၇၆၅၊ (၂၄)လမ်း၊ ရွှေ နံ့သာရပ်ကွက်၊ (ထောက်ကြန့်) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အဆောက်အဦ၌ စွဲကပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ်(၆၀)ဂရန်စာချုပ်အရ တရားဝင်အမည်ပေါက်လျက်ရှိသူ ဦးဝင်းရွှေ (အဖ) ဦးဘခင် [၁၂/မရက(နိုင်)၀၃၉၃၇၅] ကိုင်ဆောင်သူထံမှ ဝယ်ယူသူများမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး နောက်ဆုံးဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဒေါ်အိအိခိုင် (အဖ) ဦးမြသောင်း [၁၂/လမန(နိုင်)၁၂၃၂၀၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများပြသ၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးဟန် B.A. (Law),LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၅၄၆/၈၈)**
**တိုက်အမှတ်(၈၃/၁၂)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ်(၁၂၃၆)၊ အကျယ်အဝန်း (၄၁ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ခင်အေး (CE–၀၉၇၀၇၄) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၃၆)၊ မာလာလမ်း၊ (၁၈/E)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့ပြီး အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ထားထားခင် [၁၂/အစန(နိုင်)၀၅၁၅၈၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရဲမင်းထွန်း [၁၂/တမန(နိုင်)၀၇၅၂၅၉]နှင့် ဒေါ်ဝေဝေခိုင် [၁၂/ဒဂတ(နိုင်)၀၅၉၈၀၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)**
**လင်းသန့် – အိမ်ခြံမြေဥပဒေ ရုံးခန်း**
**အမှတ် (၂၄)၊ နတ်မောက် (၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၇၉၆၃၈၉၇၉၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၅၁၆–သခွတ်ပင်ကွင်း)၊ ဦးပိုင်အမှတ်(၇/၅)၊ မြေဧရိယာ(၆.၀၀)ဧကရှိ လယ်ယာမြေသည် ကော့မှူးမြို့နယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးခင်လှ [၁၂/ကမန(နိုင်)၀၃၅၉၆၇] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

ယခုအခါ မြေအမည်ပေါက်ဖခင်ဦးခင်လှသည် (၁၉–၃–၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်စန်းရီသည် (၈–၆–၂၀၁၉)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူမိဘများတို့တွင် (၁) ဒေါ်နွယ်နွယ်စိုး [၁၂/ကမန(နိုင်)၀၉၀၈၆၆]နှင့် (၂) ဒေါ်လှသူဇာဝင်း [၁၂/ကမန(နိုင်)၀၈၅၄၁၀]တို့ သမီး(၂)ဦးသာ မွေးဖွားခဲ့ပါသည်။ အခြားသော ကိတ္တိမမွေးစားထားသူ တစ်ဦးတစ်ယောက်မျှမရှိပါ။ အဆိုပါလယ်ယာမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူကျွန်ုပ်၏ မိတ်ဆွေတို့ (၂)ဦးကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ ၎င်းလယ်ယာမြေအား ကျွန်ုပ်၏မိတ်ဆွေတို့မှလွဲ၍ အခြားသူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေလင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၁၅)**
**ဖုန်း–၀၉–၄၃၁၅၉၉၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၂၄၀/ခ၊ မြေကွက်တည်နေရာ အမှတ်(၂၄၀/ခ)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးမြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဦးမင်းသူ (ကေ/အာရ်ဂျီအင်န်–၀၂၇၀၇၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမင်းသူ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၄၉/၁၈–၇–၂၀၀၅)ဖြင့်ရရှိသူ GP ဒေါ်ခင်မြမြသန်း [၁၂/သဃက(နိုင်)၀၉၄၂၇၂]မှ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၂/၃၈၄/၄–၂–၂၀၂၁)၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ခံဝန်ချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း တွင်တည်ရှိသော (၂) ဇကနီးပါးရှိ မြေကွက်အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက် နံနက် (၁၀:၀၀) နာရီတွင် မြေကွက် တည်ရှိရာ နေရာ၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ကြမ်းခင်းဈေး - ကျပ်သိန်းပေါင်း ၆၄၆၀၀

ဆက်သွယ်ရန် ၀၉-၂၅၄၁၂၅၇၂၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ –၂၀)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်– ၇၉၁**

| ဒေါ်ထားမိုးသွင် | နှင့် | ဦးတင်ကြည် |
|---|---|---|
| **(တရားလို)** | | **(တရားပြိုင်)** |

အမှတ်(၆)၊ ဒုတိယထပ်(A)၊ ကျွန်းတောမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဦးတင်ကြည် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ထားသော အိမ်နှင့်မြေအား မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁၉)ရက် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်(၁၁–အေ/ဘီ)၊ (ဒုတိယထပ်) (၃–လွှာ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ တိုက်ခန်း၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ၊ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် အမည်ပေါက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြတ်သူဇာဝင်း [၁၂/သကတ(နိုင်)၁၄၉၄၇၉] ကိုယ်စား ဖခင်ဖြစ်သူ ဦးခင်မောင်ဝင်း [၁၂/သကတ(နိုင်)၀၈၄၄၂၉]က တရားဝင် ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသန်း [၁၄/မအပ(နိုင်)၁၂၀၄၅၀]မှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ(စဉ်–၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ) လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၅၁၄၃၅၈၃၊ ၀၉– ၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅၇)မြေပေါ်တွင် ဆောက်လုပ်ထားသော ၈ ထပ်တိုက်(မီနီကွန်ဒို)၏ ၄ လွှာတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကိုပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခိုင်ခင်ဦး [၇/လပတ (နိုင်)၁၃၀၀၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်သင်းခိုင်စိုး** | **ဒေါ်ချစ်သက်ပိုင်(LL.B)** |
| **[၇/အတန(နိုင်)၀၈၆၃၅၄]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၁၉၂၆) (၃၁–၁–၂၀၁၇)** |
| | **အမှတ်(၂၅)၊ ပထမထပ်(ညာ)၊ ဂန္ဓမာလမ်း၊** |
| | **စမ်းချောင်းမြို့နယ်။ Ph–09–421017536** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၉)လမ်း၊ အမှတ်(၅၄၈–က)၊ ၅–လွှာ၊ စတုတ္ထထပ်၊ အကျယ်အဝန်း (အလျား ၁၉ပေx အနံ ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင် [၁၂/သဃက(နိုင်)၀၃၈၁၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သက်လေးချို**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၂၀၈)**
**Super Top Law Firm**
**အမှတ်–၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၀၂၄၂၈၉၊ ၀၉–၉၆၄၂၂၄၂၈၉**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်ဘာလေလမ်း၊ တိုက်အမှတ်(၁)၏ (ပထမထပ်)၊ (ခြေရင်းခန်း) တိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်သူအခန်းရှင်ဖြစ်သော ဒေါ်မြတ်မြတ်ညွှန့်မောင်သန်း [၉/မရမ(နိုင်) ၀၀၀၃၁၁]ထံမှ တိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာထွန်း [၁၂/မရက(နိုင်)၁၃၁၅၅၆]က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ရုံး– အမှတ် (၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း** | **ဦးလှမင်း (ပေါင်းတည်)** |
| **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **LL.B (ADVOCATE)** |
| **ဖုန်း– ၀၉–၅၀၃၃၁၇၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၅၅၅၅/၉၁)** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်/မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၁၉၇)ဟုခေါ်တွင်သည့် အဆောက်အဦ၏ (မြေညီထပ်)နှင့် (ပထမထပ်) တိုက်ခန်း (၂)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသန်း [၁၂/အလန(နိုင်)၀၃၈၅၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလဲ့ဝင်း (L.L.B) အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၈၄)၊ (၃)လွှာ(အေ)၊ အကျယ် (၁၂ပေx၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ (၁)လုံးအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းသူ ဒေါ်နီနီဌေး [၆/ကသန(နိုင်)၀၀၂၉၆၇]ထံသို့ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ တစ်ပတ် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ခင်ချောစုလှိုင်** | **ဒေါ်နှင်းနုထွေး(LL.B)** |
| **[၁၂/တတန(နိုင်)၀၅၉၈၄၆]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၃၂/၂–၂–၂၀၁၂)** |
| | **အမှတ်(၁)၊ ငုဝါလမ်း၊ ဦးထွန်းအိုရပ်ကွက်၊** |
| | **ဆိပ်ကြီးခနောင်တိုမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း–09–256270910, 09–259701484** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀–တောင်)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ မြေကွက်အမှတ်(၈၃၇/က)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ (၆)ထပ်အဆောက်အဦတွင်တည်ရှိသည့် ဒုတိယထပ်၊ (၃)လွှာ၊ (အလျား ၁၈ပေ x အနံ ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကေသွယ်စိုး [၇/ပမန(နိုင်)၁၃၁၆၀၇]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းမောင် [၁၂/သကတ(နိုင်)၁၂၅၀၀၀]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph–09–954280932** | **LL.B, D.B.L, D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO (Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09–420080932, 09–977402677** |

## “အများသိစေရန် အသိပေးကြော်ငြာခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၈၄၅/က)၊ ရွှေရင်အေးဘုရားလမ်း၊ အကျယ်အဝန်း (၆၀)ပေx(၂၀)ပေရှိ ကိုမြလွင် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ ခြေရင်းဘက်အခြမ်း (၆၀)ပေx(၁၀)ပေ ကျယ်ဝန်းသော မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သိန်းအုံးညွှန့် [၁၂/လသယ(နိုင်)၀၃၇၄၀၆]မှ လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိမ်းနုနုမောင်မောင်ဝင်း [၁၂/ဗဟန(နိုင်)၁၀၇၃၇၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ အပြည့်အဝကို ပေးချေထား၍ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အဆိုပါအိမ်မြေနှင့်ပတ်သက်၍ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၀၉၅၇)**
**အမှတ်(၄၄၆/B)၊ ဓမ္မာရုံလမ်း၊ (၁၆/၃)ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၂၅၄၄၁၀၀၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး ဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံး အခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီ လမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂




## မအူပင်မြို့၌ ဆန်၊ ဆီ၊ ဆားနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

မအူပင် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၁၂)ရပ်ကွက် ပေါ်တော်မူဘုရားအနီး၌ ယမန်နေ့က ဆန်၊ ဆီ၊ ဆားနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်ကုန်သည်များနှင့် ဆီကုန်သည်များ စုပေါင်း၍ တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည် ငွေကျပ် ၃၀၀၀ နှုန်း၊ ဆီ ၅၀ ကျပ်သား ငွေကျပ် ၂၅၀၀ နှုန်း၊ ဆား ၅၀ ကျပ်သား ငွေကျပ် ၂၀၀ နှုန်း၊ ကြက်ဥ ခြောက်လုံး ငွေကျပ် ၁၀၀၀ နှုန်းနှင့် သားငါးများ၊ ဟင်းသီးဟင်းရွက်များကို ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများက လာရောက်ဝယ်ယူခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၅

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်းသည် စက်တင်ဘာ ၅ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားသည်။

### ပြုလုပ်သွားမည်

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ရှစ်ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(က)ပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ○

**ယနေ့** ဖတ်စရာ

### တရုတ်နိုင်ငံ၌ ၆ ဒသမ ၈ မဂ္ဂနီကျူ ပြင်းအားရှိ ငလျင်လှုပ်ခတ်၊ ၂၁ ဦးသေဆုံး

စာမျက်နှာ » ၁၃



### ပတ်ဝန်းကျင်ကောင်း လိုချင်သလား

စာမျက်နှာ » ၁၉

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၅

| | |
|---|---|
| ဘီးလင်း | ၅ ဒသမ ၄၈ လက်မ |
| ကျောက်သောင်း | ၃ ဒသမ ၅၃ လက်မ |
| စစ်တွေ | ၂ ဒသမ ၀၅ လက်မ |
| မြောက်ဦး | ၁ ဒသမ ၄၃ လက်မ |
| ကွမ်းလုံ | ၁ ဒသမ ၈၉ လက်မ |
| နှောင်ချို | ၁ ဒသမ ၈၅ လက်မ |

## မန်ယူအသင်းက အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၆)ရဲ့ စက်တင်ဘာ ၄ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းက အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့်(၅)နေရာကို တက်လှမ်းခွင့် ရရှိခဲ့ပါတယ်။

### ဂိုးစတင်သွင်းယူ

အဲဒီပွဲစဉ်မှာ မန်ယူအသင်းက နွေရာသီဈေးကွက်အတွင်း ပေါင် ၈၂ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူး အန်တိုနီက မန်ယူအသင်းနဲ့ ပွဲဦးထွက်ပွဲစဉ်မှာ ဂိုးစတင်သွင်းယူပေးခဲ့ပြီး

စာမျက်နှာ ၂၁ ကော်လံ ၄ သို့ ❂



မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။